



IWGIA

MISEREOR
IHR HILFSWERK





# ယူဆမိုဆိုကျေးရွာ၏ အသက်မွေးဝမ်းကြောင်း၊ မြေယာအသုံးချမှုနှင့် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှု

ကရုဏာ လူမှုစည်းလုံး
ညီညွတ်ရေးအသင်း
၂၀၁၇



ကျေးရွာလူထု
ပူးပေါင်းပါဝင်သော
သုတေသနအစီရင်ခံစာ

# ယူဆမိုဆိုကျေးရွာ၏ အသက်မွေးဝမ်းကြောင်း၊ မြေယာအသုံးချမှုနှင့် ဓလေ့ထုံးတမ်း မြေယာခန့်ခွဲမှု

## ကျေးရွာလူထုပူးပေါင်းပါဝင်သော သုတေသနအစီရင်ခံစာ

ကရုဏာ လူမှုစည်းလုံး
ညီညွတ်ရေးအသင်း
၂၀၁၇

**ယူဆမိုဆိုကျေးရွာ၏ အသက်မွေးဝမ်းကြောင်း၊ မြေယာအသုံးချမှုနှင့် ဓလေ့ထုံးတမ်းမြေယာခန့်ခွဲမှု**

ကျေးရွာလူထုပူးပေါင်းပါဝင်သော သုတေသနအစီရင်ခံစာ

ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း-လွိုင်ကော် (ကရုဏာ-လွိုင်ကော်)

မူပိုင် /ကရုဏာ-လွိုင်ကော် ၂၀၁၇

ကရုဏာ-လွိုင်ကော်၏ကြိုတင်ခွင့်ပြုချက်ရမှသာလျှင် ဤအစီရင်ခံစာပါကြောင်းအရာတစ်စုံတစ်ရာကို အကျိုးအမြတ်အတွက်မဟုတ်ဘဲ ပြန်လည်ထုတ်ဝေခြင်း ဖြန့်ဝေခြင်းပြုလုပ်နိုင်သည်။

| | |
|---|---|
| ထုတ်ဝေသူ | – ကရုဏာ-လွိုင်ကော် |
| Website | – KMSS: www.kmss-caritasmyanmar.org |
| အစီရင်ခံစာရေးသားသူ | – ကရုဏာ-လွိုင်ကော်စိုက်ပျိုးမွေးမြူရေး စီမံချက်ဝန်ထမ်းများ |
| အစီရင်ခံစာတည်းဖြတ်သူ | – Christian Erni |
| ဒီဇိုင်းနှင့် အတွင်းအပြင်အဆင် | – စောဘင်ဟာ |
| ဓာတ်ပုံများ | – အလေးရှိုင်ကိုက်ရီ၊ အဲန်းမေရီနဲ့နယ် |
| | – Christian Erni၊ Gam Angkang Shimray |
| မြေပုံများ | – Nabwong Chuaychuwong၊ အယ်လေးနာ |
| အဖုံးဓာတ်ပုံများ | – Christian Erni ၊ အလေးရှိုင်ကိုက်ရီ |
| ပုံနှိပ်သူ | – မြင့်ကာလာအော့ဖ်စက် (ရန်ကုန်) |
| ရံပုံငွေပံ့ပိုးကူညီမှု | – MISEREOR၊ IWGIA |

# မာတိကာ


## နိဒါန်း ၂

## (၁) ယူဆမိုကျေးရွာသမိုင်း ၄

**၁။ ယူဆမိုဆို ကျေးရွာ** ၄
- ယူဆမိုဆို ကျေးရွာ၏ လူဦးရေခွဲခြမ်းစိတ်ဖြာခြင်း ၆

**၂။ ယူဆမိုဆို ကျေးရွာသမိုင်း** ၈

## (၂) အသက်မွေးဝမ်းကြောင်းနှင့် မြေယာအသုံးပြုမှု လုပ်ငန်းများ ၁၇

**၁။ အသက်မွေးဝမ်းကြောင်း** ၁၇
- စပါးစိုက်ပျိုးခြင်း ၁၇
- အခြားစိုက်ပျိုးသောသီးနှံများ ၂၀
- အခြားရရှိသောဝင်ငွေများ ၂၀

**၂။ မြေယာအသုံးပြုမှု** ၂၂
- အိမ်ခြံမြေ(ရွာမြေ) ၂၅
- သာသနာမြေ ၂၅
- သာသနာအသုံးပြုရန် ကျေးရွာပိုင်ဘုံမြေ ၂၅
- သချိုင်းမြေ ၂၆
- ယာမြေ (သီးလှည့်စိုက်ပျိုးခြင်း) ၂၆
- လယ်မြေ ၂၆
- သစ်သီးခြံမြေ ၃၀
- သစ်တောမြေ ၃၁
- ကျေးရွာပိုင်သစ်တော ၃၁
- စားကျက်မြေ ၃၂
- ဝါးတောမြေ ၃၃

## (၃) ရိုးရာဓလေ့နှင့်ဆိုင်သော မြေယာအသုံးပြုမှုနှင့် စည်းမျဉ်းစည်းကမ်းများ ၃၄

**၁။ ရိုးရာဓလေ့အရ မြေယာလုပ်ပိုင်ခွင့်** ၃၄
- မိသားစုအလိုက်မြေယာပိုင်ဆိုင်ခွင့် ၃၄
- ကျေးရွာပိုင်မြေ ၃၄

**၂။ ဓလေ့ထုံးတမ်းမြေယာဥပဒေနှင့် အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း** ၃၅
- နေအိမ်နှင့် ခြံမြေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ၃၅
- နေအိမ်သစ်ဆောက်လုပ်ခြင်းဆိုင်ရာစည်းကမ်းချက်များ ၃၅
- နေအိမ်မီးလောင်ခြင်းဆိုင်ရာရိုးရာဓလေ့ ၃၆
- မြေယာများ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများ ၃၆
- စိုက်ပျိုးရေး နှင့် သက်ဆိုင်သော ရိုးရာဓလေ့ ၃၇
- လယ်မြေနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ ၃၇
- တောင်ယာမြေဥပဒေ စည်းမျဉ်းစည်းကမ်းများ ၃၇
- ကျေးရွာပိုင်သစ်တောနှင့် ကာကွယ်တောဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ၃၇
- ကျေးရွာပိုင်သစ်တော ၃၈
- ကာကွယ်တော ၃၈
- ထုံးကျောက်များထုတ်ယူခြင်း ၃၈
- ဝါးတောနှင့် စားကျက်မြေ ၃၈

## (၄) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ ၃၉

- အုပ်စုအုပ်ချုပ်ရေးမှူး ၃၉
- ကျေးရွာအုပ်ချုပ်ရေးမှူး ၃၉
- သစ်တောကော်မတီ ၃၉
- ကျေးရွာအကြီးအကဲ ၄၀
- ပဋိပက္ခ ဖြေရှင်းခြင်း ၄၀

## (၅)ကျေးရွာလူထုများ၏ သုံးသပ်ချက်နှင့် အကြံပြုချက် ၄၁

## နောက်ဆက်တွဲ ၄၃

**ပထဝီဝင်နှင့်သက်ဆိုင်သော ကျေးရွာနယ်နမိတ်သတင်းအချက်အလက်** ၄၃
- ကျေးရွာနယ်နိမိတ်ပြမြေပုံ ၄၃
- ကျေးရွာနယ်နိမိတ် အမှတ်များ ၄၄

"ဒို့ရွာ ဒို့မြေ ဒို့ပိုင်မြေ
မျိုးဆက်သစ်တွေ သိဖို့လေ
ခေတ်အဆက်ဆက် သိရှိဖို့
ဒို့သမိုင်းကို ပြုစုစို့။"

# နိဒါန်း

ဤအစီရင်ခံစာသည် ယူဆမိုဆိုကျေးရွာလူထုနှင့် ကရဏာ-လှိုင်ကော် စိုက်ပျိုးမွေးမြူရေးကဏ္ဍ စီမံချက်ဝန်ထမ်းများမှ ၂၀၁၆ ဇန်နဝါရီလမှ ဇွန်လအထိ ပြုစုသော လူထုကိုယ်တိုင်ပါဝင်သော သုတေသနစာတမ်းဖြစ်သည်။ ဌာနေတိုင်းရင်းသားလူမျိုးများကွန်ယက်(IP/EN Network)အဖွဲ့ဝင်များသည်လည်း ပထမအကြိမ်သုတေသနဆိုင်ရာ ကွင်းဆင်းခြင်းတွင်ပါဝင်ခဲ့ကြသည်။

လူထုကိုယ်တိုင်ပါဝင်သောသုတေသနပြုစုခြင်းသည် ကယား(ကရင်နီ) ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ လက်တွေ့ကျင့်သုံးလျက်ရှိသော ဓလေ့ထုံးတမ်းမြေယာ၊ သဘာဝအရင်းအမြစ်ဆိုင်ရာအခွင့်အရေးနှင့် စီမံခန့်ခွဲမှုဓလေ့ထုံးတမ်းများကို မှတ်တမ်းတင်ထားရှိနိုင်ရန်နှင့် တရားဝင်အသိမှတ်ပြုမှုရရှိရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

၂၀၁၆ခုနှစ် အမျိုးသားမြေအသုံးချမှုမူဝါဒ တိုင်းရင်းသားလူမျိုးများ၏မြေအသုံးချမှုအခွင့်အရေးများ အပိုင်း(၈)တွင် -

- ရိုးရာမြေအသုံးချမှုအလေ့အထများကို ကျွမ်းကျင်သည့်တိုင်းရင်းသားပုဂ္ဂိုလ်များ၊ လူမျိုးစုခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ၎င်းတို့ကိုလည်း ပါဝင်ဆောင်ရွက်စေရမည်။
- လက်ရှိမြေအသုံးချမှုကို မှတ်တမ်း၊ မြေပုံ၊ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမြေစီမံအုပ်ချုပ်မှုအလေ့အထများကို အသိအမှတ်ပြု ကာကွယ်ရမည်။
- တိုင်းရင်းသားလူမျိုးစုများ ရိုးရာအရလုပ်ကိုင်လျက်ရှိသောမြေယာများကို အမျိုးအစားများ ပွင့်လင်းမြင်သာစွာသတ်မှတ်ပြီး မှတ်ပုံတင်ခြင်း၊ မြေအမျိုးအစားပြန်လည်သတ်မှတ်ခြင်း မပြုရသေးမီ ဥပဒေပါပြဋ္ဌာန်းခြင်းနှင့်အညီ ကာကွယ်ပေးပြီး ပြည်သူ၏အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်သည့် လုပ်ငန်းမှအပ အခြားမြေအသုံးချခွင့်ပြုခြင်းအား ယာယီအားဖြင့် ဆိုင်းငံ့ထားရမည်။
- ရိုးရာဓလေ့အရ လုပ်ကိုင်လျက်ရှိသောမြေများပေါ်တွင် အလှည့်ကျအနားပေးတောင်ယာမြေများနှင့်စပ်လျဉ်း၍ ရိုးရာမြေအသုံးချမှုအခွင့်အရေးကို မှတ်ပုံတင်နိုင်ရေးအတွက် အမျိုးသားဥပဒေသစ်တွင်ပြဋ္ဌာန်းရမည်။
- ပြည်တွင်းစစ်ကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ဆုံးရှုံးခဲ့သောမြေယာများ အစားထိုးမြေယာလုပ်ပိုင်ခွင့်နှင့် နေထိုင်ခွင့်တို့ကို စနစ်တကျစီမံဆောင်ရွက်ပေးရမည်။
- တိုင်းရင်းသားလူမျိုးစုများ၏ မြေလုပ်ပိုင်ခွင့်ခိုင်မာစေရေးနှင့် စိုက်ပျိုးရေးအလေ့အထများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာ၊ ဘဏ္ဍာငွေနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ပံ့ပိုးပေးရမည်။

ဤအစီရင်ခံစာတမ်းသည် လူထုပူးပေါင်းပါဝင်သောလုပ်ငန်းစဉ်အတွင်း တွေ့ရှိချက်များပါဝင်ပြီး ယူဆမိုဆိုကျေးရွာလူထုများ၏ နေထိုင်မှုသက်တမ်း၊ သဘာဝအရင်းအမြစ်များနှင့် ၎င်းတို့၏ မြေယာများအပေါ် မှီခိုမှုနှင့် ဆက်စပ်မှုတို့ကို သက်သေသာဓကများဖြင့် ဖော်ပြရန်အတွက် အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။ လူထုပူးပေါင်းပါဝင်သော သုသေသနစာတမ်းအစီရင်ခံစာသည် ယူဆမိုဆိုကျေးရွာ၏ အဓိက ဝိသေသလက္ခဏာများဖြစ်သော ကျေးရွာအစတည်ခဲ့သော မြေနေရာ၊ သင်္ချိုင်းမြေနေရာနှင့် လက်ရှိ မြေယာအသုံးချမှုစနစ်များကို အသေးစိတ်အချက်အလက်ပြမြေပုံဖြင့် ပြည့်စုံစွာပြုစုရေးသားထားသည်။ ကျေးရွာ၏ မြေယာအသုံးပြုမှု အရင်းအမြစ်ပြမြေပုံသည်လည်း ကျေးရွာလူထု ပူပေါင်းပါဝင်သော အစီစဉ်ဖြင့် ကရဏာ-လှိုင်ကော်ဝန်ထမ်းများနှင့် ယူဆမိုဆိုကျေးရွာလူထုများ ပူးပေါင်းကာ အတူတကွရေးဆွဲခဲ့သည်။

ကျေးရွာသုတေသနကော်မတီအဖွဲ့ဝင်များမှာ ဦးဘောစကို၊ ဦးပါစကွားလယ်၊ ဦးလုကာကျော်ကျော်၊ ဦးတိုဘိယ၊ ဦးရိုမားနိုနှင့် ဦးကလယ်မင်းတယ်တို့ဖြစ်ကြပြီး ကရဏာ-လွိုင်ကော် စိုက်ပျိုးမွေးမြူရေးကဏ္ဍဝန်ထမ်းများမှာ ခရစ္စတီးနာတီမြာ၊ အယ်လေးနာ၊ အဲန်းမေရီနဲနယ်၊ အလေးရှိုငိုက်ရီနှင့် အီညားရှိုတို့ဖြစ်သည်။

သဘာဝအရင်းအမြစ်များကို သုတေသနလေ့လာဆန်းစစ်နိုင်ရန်အတွက် မစ္စတာ ခရစ္စရမ်အာရ်နီ Mr.Christian Erni ၊ မစ္စတာ ပရာဝစ် Mr. Prawit Nikornuaychai နှင့် မစ္စတာ ဂန်အာခန်ရှိမရေး Mr. Gam Angkang Shimray တို့မှ အစီရင်ခံစာရေးသားနိုင်ရန်အတွက် နည်းပညာအားဖြင့် ပံ့ပိုးကူညီဆောင်ရွက် ပေးခဲ့သည်။

ဒေသခံကျေးရွာကော်မတီများနှင့် ကရဏာ-လွိုင်ကော် စီမံချက်ဝန်ထမ်းများသည် ကျေးရွာသဘာဝအရင်းအမြစ်များ သုတေသနလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနည်းပညာများ၊ အကြံညာဏ်များနှင့် နည်းလမ်းများကို အတူတကွ ပူးပေါင်းပါဝင်ကူညီခဲ့သည်။ ထို့အပြင် လိုအပ်သော အချက်အလက်များအားလုံးကို ကျေးရွာလူထုများမှ ပူးပေါင်းပါဝင်ကူညီပေးခဲ့သည်။ ကျေးရွာနယ်နိမိတ်ဆိုင်ရာအချက်အလက်များကိုလည်း နယ်နိမိတ်ထိစပ်သော ကျေးရွာများမှ ခေါင်းဆောင်များ၏ ပံ့ပိုးကူညီမှုကို ရယူနိုင်ခဲ့သည်။



**ပုံ(၁) ကျေးရွာသုတေသနကော်မတီများ**
**ဦးဘောစကို၊ ဦးပါစကွားလယ်၊ ဦးလုကာကျော်ကျော်၊ ဦးတိုဘိယ၊ ဦးကလယ်မင်းတယ်၊ ဦးရိုမားနို(ဝဲမှယာသို့)**

# (၁)
# ယူဆမိုဆို ကျေးရွာသမိုင်း

## ၁။ ယူဆမိုဆို ကျေးရွာ

ယူဆမိုဆိုကျေးရွာသည် ကယား(ကရင်နီ)ပြည်အတွင်းရှိ ၄၁နေတိုင်းရင်းသားလူမျိုးစုဖြစ်သော ကယန်း (ကငန်) လူမျိုးများနေထိုင်ရာ ကျေးရွာဖြစ်သည်။ ဒီးမော့ဆိုမြို့နယ်၊ ဆောင်ဒူလာကျေးရွာ အုပ်စု၏အလယ်ဗဟိုတွင် တည်ရှိပြီး နယ်နိမိတ်ဧကပေါင်း ၈၀၁၈ကေ(၂.၇ စတုရန်းကီလိုမီတာ)ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၃၁၁၀)တွင်တည်ရှိပြီး အမြင့်ဆုံးနေရာဒေသဖြစ်သော ဒေါခရောဆော်သည် ပင်လယ်ရေမျက်နှာပြင် အမြင့်(၃၃၇၂)ပေ (၁၀၂၇.၇၈မီတာ)ရှိပါသည်။ ယူဆမိုဆိုကျေးရွာနယ်နိမိတ်သည် တောင်ငယ်လေးများဝိုင်းရံပြီး ကျေးရွာမှာမူ တောင်၏ ဆင်ခြင်လျှောတွင် တည်ရှိသည်။ ယူဆမိုဆိုကျေးရွာ၏အရှေ့ဘက်တွင် ကွိုင်ငံရွာသစ်၊ အနောက်ဘက်တွင် ဆော်ပထန်ကျေးရွာ၊ အနောက်မြောက်ဘက်တွင် ဒေါတဝီကျေးရွာ၊ အရှေ့မြောက်ဘက်တွင် ဆောင်ဒူလာကျေးရွာ၊ တောင်ဘက်တွင် ကွိုင်ငံ(ရွာဟောင်း)နှင့် အရှေ့တောင်ဘက်တွင် ငံရိုးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ယူဆမိုဆိုကျေးရွာသည် အနီးဆုံးမြို့ဖြစ်သော ဒီးမော့ဆိုမြို့နှင့် ၇ မိုင်ဝေးသည်။

ယူဆမိုဆိုရှိ ကျေးရွာဒေသခံများသည် ကယန်းတိုင်းရင်းသားလူမျိုးများဖြစ်ကြပြီး ရိုမန်ကက်သလစ်ဘာသာ ကို ကိုးကွယ်ကြသည်။ ကျေးရွာတွင် မျိုးနွယ်စု ၁၂ စု မှီတင်းနေထိုင်ကြသည်




ပုံ(၂) ယူဆမိုဆိုကျေးရွာ၏ တည်နေရာပြမြေပုံ



ပုံ(၃) ယူဆမိုဆိုကျေးရွာအား ဆော်ဘောသတောင်မှ မြင်ရသောပုံ




ပုံ(၄) ဂြိုလ်တုမှ ရိုက်ထားသော ယူဆမိုဆိုကျေးရွာရေိယာပြမြေပုံ

## ယူဆမိုဆိုကျေးရွာ၏ လူဦးရေခွဲခြမ်းစိတ်ဖြာခြင်း

ယူယူဆမိုဆိုကျေးရွာတွင် အိမ်ခြေ(၈၈)အိမ်ရှိပြီး ၂၀၁၄ခုနှစ် အစိုးရသန်းခေါင်စာရင်းအရ လူဦးရေစုစုပေါင်း(၆၁၂)ဦး (ကျား ၂၉၇ဦး မ ၃၁၅ဦး) ရှိသည်။ သို့သော် အချို့သောဒေသခံများနှင့် ကလေးများမှာ အခြားမြို့များသို့ ကျောင်းတက်ခြင်း၊ အလုပ်သွားရောက်လုပ်ကိုင်ခြင်း၊ ကျေးရွာပြင်ပသို့သွားရောက်နေထိုင်ခြင်းများကြောင့် သန်းခေါင်စာရင်းရှိလူဦးရေထက် အနည်းငယ်ကွာခြားသည်။ သုတေသနစစ်တမ်းအရ ကျေးရွာတွင်နေထိုင်သော လူဦးရေမှာ စုစုပေါင်း ၄၈၉ ဦးရှိသည်။

ယူဆမိုဆိုကျေးရွာအတွင်းရှိ မိသားစုများတွင် အိမ်ထောင်သည်နှင့် အိမ်ထောင်မရှိသေးသောသူများ အတူနေထိုင်ကြလျက်ရှိသည်။ အိမ်ခြေ(၁၄)အိမ်သည် မိသားစုသာမက ချွေးမ၊ မြေး၊ ယောက္ခမ၊ တူမနှင့် အတူနေထိုင်ကြသည်။ အိမ်တစ်အိမ်၏ ပျမ်းမျှအရေအတွက်မှာ (၅)ဦးရှိပြီး၊ အနည်းဆုံး(၁)ဦးမှ အများဆုံး(၁၂) ဦး အထိရှိသည်။ အမျိုးသားတစ်ဦးကျန်ရှိသော အိမ်ထောင်စု(၅)စုနှင့် အမျိုးသမီးတစ်ဦးသာကျန်ရှိသော အိမ်ထောင်စု (၁၂)စုတို့ ရှိသည်။

**ဇယား(၁) ယူဆမိုဆို၏ လူဦးရေစာရင်း**

| | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၄ သန်းခေါင်စာရင်း | ၂၉၇ | ၃၁၅ | ၆၁၂ |
| | ၄၈. ၅% | ၅၁. ၅% | |
| အမှန်နေထိုင်သူဦးရေ | ၂၄၂ | ၂၄၇ | ၄၈၉ |
| | ၄၉. ၅% | ၅၀. ၅% | |

(Survey data) မှ





ပုံ(၅) ဂြိုလ်တုမှ မြင်ရသော ယူဆမိုဆိုကျေးရွာမြေနေရာပြပုံ

အိမ်ထောင်သည်မိသားစုတစ်စုတွင် သားသမီး ပျမ်းမျှ ၅ ဦးနှုန်း ရှိသည်။ ပညာသင်ကြား နေသော ကျောင်းသူ၊ ကျောင်းသားများသည် ကျေးရွာရှိမူကြိုကျောင်း၊ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် အများဆုံး ပညာသင်ကြားလျက်ရှိပြီး အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကျောင်းပညာရေးအတွက် မြို့များတွင်သာ သွားရောက်ပညာဆည်းပူးလျက်ရှိကြသည်။ ၂၀၁၆ ခုနှစ်စာရင်းအရ အသက် ၁၅ နှစ်နှင့် အထက်ကျောင်းသူ၊ ကျောင်းသား ၄၀ ဦးမှာ ဒီးမော့ဆိုမြို့နှင့် လွိုင်ကော်မြို့များတွင် ပညာသင်ယူလျက်ရှိကြသည်။

ကျေးရွာအတွင်းရှိအသက် (၂၅)နှစ်အထက် အချို့သောလူငယ်များသည် အခြားမြို့နှင့် နိုင်ငံများသို့ သွားရောက်ကာ အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်လျက်ရှိကြသည်။ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၁ ဦးမှာ ကချင်ပြည်နယ်ဖားကန့်မြို့၊ မန္တလေးတိုင်းရမည်းသင်းမြို့၊ ရှမ်းပြည်တောင်ပိုင်းမိုင်းရှူးမြို့နှင့် အခြားမြို့များတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ အမျိုးသား ၇ ဦး အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၇ ဦးတို့မှာ မလေးရှား၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်သွားရောက်လုပ်ကိုင်ကြသည်။

အိမ်ထောင်ပြုပြီးသော သားသမီး ၇၅ ဦးအနက် တစ်ရွာတည်းနေထိုင်သူနှင့် အိမ်ထောင်ပြုသူဦးရေမှာ အမျိုးသား ၁၅ ဦး အမျိုးသမီး ၂၀ ဦး၊ စုစုပေါင်း ၃၅ ဦးရှိပြီး၊ အခြားဒေသတွင် နေထိုင်သောသူနှင့် အိမ်ထောင်ပြုသူဦးရေမှာ အမျိုးသား ၆ ဦး အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၄၀ ဦး ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့၊ ဒီးမော့ဆိုမြို့၊ လွိုင်ကော်မြို့များသို့ ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၅ ဦးရှိပြီး အမျိုးသား ၄ ဦး အမျိုးသမီး ၁ ဦး ဖြစ်သည်။ အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၂ ဦး စုစုပေါင်း ၅ ဦးတို့အနက်မှ ထိုင်းနိုင်ငံတွင် ၄ ဦး အမေရိကန်တွင် ၁ ဦး သွားရောက်နေထိုင်လျက်ရှိသည်။




**ပုံ(၆) ယူဆမိုဆိုရှိကျေးရွာလူဦးရေ ရာခိုင်နှုန်းပြဇယား (စစ်တမ်းကောက်ယူခြင်းအဖြေလွှာမှ)**

## ၂။ ယူဆမိုဆို ကျေးရွာသမိုင်း

ယူဆမိုဆိုကျေးရွာ၏ နှုတ်ရာဇဝင်အရ ဦးစွာစတင်အခြေချနေထိုင်သူများမှာ စဲမျိုးနွယ်စုနှင့် ရှန်မျိုးနွယ်စုတို့ဖြစ်ပြီး ၎င်းတို့သည် ဒီးမော့ဆိုမြို့နယ် ဒေါရောက်ခူကျေးရွာအုပ်စုတွင်ရှိသော လောင်းပလေခူကျေးရွာမှ လက်ရှိ ယူဆမိုဆိုကျေးရွာသို့ ၁၉၀၄ ခုနှစ်တွင် စတင်ပြောင်းရွှေ့လာခဲ့သည်။ ပထမဦးဆုံးကျေးရွာခေါင်းဆောင်အဖြစ် ဦးကိုဖော့မှ ၁၉၀၄ခုနှစ်မှ ၁၉၄၆ခုနှစ်အထိ တာဝန်ယူအုပ်ချုပ်ခဲ့သည်။


ဆယ်စုနှစ်မတိုင်မီအထိ ကျေးရွာများသည်အဆက်မပြတ် ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး မိမိတို့၏ ကျေးရွာနယ်နိမိတ်များကို ပတ်ဝန်းကျင်ရှိ အခြားကျေးရွာများနှင့် ညှိနှိုင်း၍သတ်မှတ်ခဲ့ကြသည်။ ယူဆမိုဆိုကျေးရွာသည်လည်း ကျေးရွာအုပ်စုနယ်နိမိတ်တစ်ခုအတွင်း အကြိမ်ပေါင်းများစွာ ရွှေ့ပြောင်းအခြေချခဲ့သည်။


ဦးပင့်စူနှင့် ဦးကိုဖော့တို့ ဦးဆောင်ပြီး လောင်းပလေခူကျေးရွာမှ မြေဩဇာပိုမိုကောင်းမွန်သော စပရိုက်ဖာကလားကျေးရွာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ထို့နောက်လူဦးရေတိုးပွားလာသဖြင့် ယူးဆော်မော်ဆော (ယူဆမိုဆို မူလအမည်) အထိတိုးချဲ့နေထိုင်လာခဲ့ကြသည်။ ၁၉၄၈ မှ ၁၉၅၀ ခုနှစ်များတွင် ဝမ်းပျက်ဝမ်းလျှောကပ်ရောဂါကျရောက်သဖြင့် ရွာသူရွာသားအများအပြား သေဆုံးခဲ့ကြသည်။ ကပ်ရောဂါကျရောက်စဉ်တွင် ကျေးရွာအတွင်း နေထိုင်သောအိမ်ထောင်စုမှာ ၄၀ စုမှ ၅၀ စုခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ယင်းအိမ်ထောင်စုများအနက်မှ အိမ်ထောင်စု ၇ စုသာ ယူဆမိုဆိုကျေးရွာသို့ ၁၉၅၂ ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်ပြီး ကျန်အိမ်ထောင်စုများမှာ အခြားဒေသများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။


**ဇယား(၂) ပထမဦးဆုံး လာရောက်နေထိုင်သည့် အိမ်ထောင်စု (၇) စု**


| **အမည်** | **မျိုးနွယ်စုအမည်** |
|---|---|
| ၁။ ဦးဖော်စူ | ရှန်မျိုးနွယ်စု |
| ၂။ ဦးလီးနို | စဲမျိုးနွယ်စု |
| ၃။ ဦးဘန်းရီ | ဘန်သောမျိုးနွယ်စု |
| ၆။ ဦးဂျိုဝါးနစ် | စမန်မျိုးနွယ်စု |
| ၅။ ဦးဇားကိုမို | စဲမျိုးနွယ်စု |
| ၇။ ဦးမိုးဇက် မိုစူ | စငိုင်မျိုးနွယ်စု |
| ၇။ ဦးပေတြူ | ဘန်သောမျိုးနွယ်စု |


**ပုံ(၇) ယူဆမိုဆိုကျေးရွာ၏ အစောပိုင်းမိသားစု ဆွေစဉ်မျိုးဆက်**






၂။ ဦးလီးနို(စဲမျိုးနွယ်စု)
အီညားရှို
ဒါးဝီး
ဖိုးဗွယ်
ဘယ်နားဒို
ဘယ်ဂျာမင်ဒနို
ကလယ်မင်းတယ်
အေဖိရှိင်း
ဘယ်နီ
စတာနီစလော့
ဂျေနာဘီ
ဝင်းချက်စလော့
မာရ်းကို ကာရ်ဗားနီ
ရေဖျန်
ဝီတိုရီးနို


၃။ ဦးဘန်းရီ(ဘန်သောမျိုးနွယ်စု)
ဘိုနီဘားရှို
လွီးဇီ
ပေတြူ
ဆယ်ဘာစတြားနို
မားရ်ကို
ဇိုဝါးနီ
ဟင်နရီ
အီဇားကို
ပီလားရှို
ကာစီမီးရှို
ပီတာ
အဲဖရက်
လောရင်းစ်
စတီးဖင်း
ဂျွန်နယူးမင်း
ဘင်ဂျာမင်းနို
ပဲဒူ


၄။ ဦးဂျိုဝါးနစ်(စမန်မျိုးနွယ်စု)
တိုဘီးယာ
မာရီယားနို
ဒါညေးလယ်
စရီးလို
အန်းဂျေလို




ကျေးရွာတွင် အိမ်ထောင်စုဦးရေသည် ၈၈ စုအထိ တိုးလာသည်နှင့်အမျှ ကျေးရွာသို့ အခြားမျိုးနွယ်စုများလည်း လာရောက်နေထိုင်ကြသောကြောင့် မျိုးနွယ်စု ၇ စုမှ ၁၂ စုအထိ တိုးလာခဲ့သည်။ လက်ရှိယူဆမိုဆိုကျေးရွာတွင် နေထိုင်ကြသော လူဦးရေအများစုမှာ လောင်းပလေခူနှင့် လေမအန်းခူကျေးရွာတို့မှ ပြောင်းရွှေ့လာသော မျိုးနွယ်စု ၇ စုနှင့် အခြားကျေးရွာများမှ ပြောင်းရွှေ့လာသော မျိုးနွယ်စု ၅ စုတို့မှ ဖြစ်သည်။

ဇယား(၃) ပထမမျိုးနွယ်စုဝင်ဖြစ်သော လေမအန်းမျိုးစုနွယ်ဝင်တွင်

| လောင်ပလေရွာနှင့် လေမအန်းမျိုးစုနွယ်ဝင်များ | အခြားမျိုးနွယ်စုများ |
|---|---|
| ၁။ ဘန်သောမျိုးနွယ်စု | ၈။ ဆူးငိုင်ဆူ မျိုးနွယ်စု |
| ၂။ စဲမျိုးနွယ်စု | ၉။ စမန်မျိုးနွယ်စု |
| ၃။ ခန်းမျိုးနွယ်စု | ၁၀။ ဆူဖိုက်မျိုးနွယ်စု |
| ၄။ ရှန်မျိုးနွယ်စု | ၁၁။ တွယ်မျိုးနွယ်စု |
| ၅။ ကိုမျိုးနွယ်စု | ၁၂။ ဖူးလောင်းမျိုးနွယ်စု |
| ၆။ တဲမျိုးနွယ်စု | |
| ၇။ စရိုးမျိုးနွယ်စု | |

ပုံ(၇) ကျေးရွာ ဒေသခံ ဦးပါစကွားလယ်၊ ဦးဘောစကို၊ ဦးတိုဘီးယာ၊ ဦးလုကာကျော်ကျော်နှင့် ကျေးရွာလူထုအချို့



ကိုမျိုးနွယ်စု



စဝိုင်စူမျိုးနွယ်စု




စဲမျိုးနွယ်စု



ရှန်မျိုးနွယ်စု



စရိုမျိုးနွယ်စု



**တဲစူမျိုးနွယ်စု**

ဗြိတိသျှအုပ်ချုပ်သောကာလတွင် ယူဆမိုဆိုကျေးရွာဒေသခံများသည် ၎င်းတို့၏ကျေးရွာကို အစိုးရမှ တရားဝင်အသိအမှတ်ပြုရန်အတွက် နောင်ပုလဲနယ်မှ စော်ဘွားထံချဉ်းကပ်ခဲ့ကြသည်။ သို့သော်ဆော်ဘွားက နီးစပ်ရာကျေးရွာများနှင့် ညှိနှိုင်းသဘောတူညီမှုရယူရန် ညွှန်ကြားခဲ့သည်။ ယင်းကိစ္စကို ဒေါလိုးခူကျေးရွာသူကြီး ဦးကိုတပော့(ကိုရယ်)၊ ဆော်ဘောသ(ယခုဆိုဘောသဲ) ရွာသူကြီး ဦးဘိုပော၊ ကရွိုးခူကျေးရွာသူကြီးတို့နှင့် ထပ်မံ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါရွာသူကြီးများက ပတ်ဝန်းကျင်ကျေးရွာများနှင့် ငြိမ်းချမ်းစွာအတူ တကွနေထိုင်ကြရန် မှာကြားပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်ခဲ့ပေ။

၁၉၆၂ ခုနှစ်တော်လှန်ရေးကောင်စီခေတ်တွင် ယူးဆာမောဆော်ကျေးရွာအုပ်စုမှ ဆောင်ဒူလာကျေးရွာ အုပ်စုအဖြစ် ပြောင်းလဲခေါ်ဆိုလိုက်သည်။ ၁၉၈၄ခုနှစ်တွင် အစိုးရမှ ယူးဆာမောဆော်ကျေးရွာအစား ခေါ်ဝေါ်ရာတွင် ပိုမိုလွယ်ကူစေရန် ယူဆမိုဆိုကျေးရွာဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့သည်။

ယူးဆာမောဆော်၏ အဓိပ္ပာယ်ကား (ယူးဆာမော = ရှဉ့်ကြွက် ၊ ဆော် = တောင်) ဟူ၍ ဖြစ်ပြီး ရှဉ့်ကြွက် ပေါသည့်တောင်ဟု အဓိပ္ပာယ်ရသည်။ ယူးဆာမောဆော်(ယူဆမိုဆို) ရွာကို ဒေသခံ တိုင်းရင်းသားများက ဆော် ဘောသရွာဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ဆော်ဘောသ၏ အနက်အဓိပ္ပာယ်ကား (ဆော် = တောင်၊ ဘော= နှိုက်ယူ ခြင်း၊ သ= “အသဲနှလုံး”) ဖြစ်ပြီး “ဆော်ဘောသ”၏ အနက်အဓိပ္ပာယ်ကား “အသဲနှလုံးနှိုက်ယူခြင်းခံရသောတောင်” ဖြစ်သည်။

## ဆော်ဘောသ၏ ဒဏ္ဍာရီ

လေမအန်းခူကျေးရွာရှိ ယူဆတောင်၏ ကုန်းတိုက်သွေးခွဲစကားကြောင့် လိန်ဆော်နှင့် ရီဆော်တောင်နှစ်လုံးကြား ခိုက်ရန်ဖြစ်ပွားမှု စတင်ခဲ့သည်။ ထို့ကြောင့် တောင်များ၏တရားသူကြီးဖြစ်သော ဒေါ်ရောက်ခူကျေးရွာမှ တောင်သည် ကုန်းတိုက်စကားဆိုသူကို စုံစမ်းရန်နှင့် မိမိ၏မေးခွန်းများကို မဖြေကြားနိုင်သူအား အပြစ်ဒဏ်ပေးမည်ဟု ဆုံးဖြတ်ခဲ့သည်။ တရားသူကြီးတောင်သည် ကွိုင်ငံ ကျေးရွာတွင်ရှိသော ဆော်အိုက်ခါတောင်ကို မေးမြန်းခဲ့ရာ ၎င်းသည် စကားထစ်သောကြောင့် တရားသူကြီးတောင်သည် စိတ်မရှည်တော့ပဲ ၎င်း၏ပါးစပ်ကို ဆုပ်ဖြဲခဲ့သည်။ ထို့နောက် ယူဆမိုဆို ကျေးရွာရှိ ဆော်ဘောသတောင်ကို မေးမြန်းခဲ့ရာ ၎င်းက ယင်းပြဿနာသည် မိမိနှင့်ဘာမျှ မသက်ဆိုင်ကြောင်းပြောခဲ့ရာ တရားသူကြီးတောင်မှ စိတ်ဆိုးစွာဖြင့် ၎င်း၏အသည်းနှလုံးကို ထုတ်ယူ၍ ၎င်း၏ခေါင်းပေါ်တွင် တင်ထားခဲ့သည်။ နောက်ဆုံးတွင် ခိုက်ရန်ဖြစ်ပွားသော လိန်ဆော်နှင့် ရီဆော်တောင်တို့သည် တစ်စုံတစ်ဦးမှပြဿနာကို ဖန်တီးကြောင်းသိရှိခဲ့ပြီး ငြိမ်းချမ်းစွာ ပြန်လည်နေထိုင်ခဲ့ ကြသည်။

ယင်းကဲ့သို့ပြင်းထန်စွာ အပြစ်ဒဏ်ပေးခြင်းသည် အခြားသူများအား ကုန်းတိုက်စကားပြောခြင်းမှရှောင်ကျဉ်ရန် သတိပေးခြင်းဖြစ်သည်။ ထို့ကြောင့် အသည်းနှလုံးသဏ္ဍာန်ကျောက်တုံးငယ်သည် ဆော်ဘောသတောင်၏ ထိပ်ပိုင်းတွင်တွေ့ရှိနိုင်သည်။



ပုံ(၉) ဆော်ဘောသတောင်နှင့် သူ၏ အသည်းနှလုံး

## မာရီးယာသခင်မဂူ

မရီယာသခင်မဂူသည် ဆော်ဘောသတောင်တွင်တည်ရှိပြီး ၎င်းဂူတွင် မာရီးယာသခင်မ(မယ်တော်)ဆင်းတုတော်ထားရှိသည်။ ပီမေးဘုန်းတော်ကြီး ပီတယ်ကာလ်ဗားနီသည် မာရီယာသခင်မဆင်းတုတော်ကို အီတလီနိုင်ငံမှ မှာယူပြီး ရှမ်းပြည်တောင်ပိုင်းဝါရီခူကျေးရွာနှင့် ဒီးမော့ဆိုမြို့နယ် ဒေါရောက်ခူကျေးရွာမှတဆင့် လှိုု့ဝှက်စွာ သယ်ဆောင်လာခဲ့သည်။ အကြောင်းမှာ ကက်သလစ်နှင့် နှစ်ခြင်းဘာသာရေးပဋိပက္ခဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လွိုင်ကော်ကက်သလစ်သာသာန ဂိုဏ်းအုပ်ဆရာတော်ဆိုတေးရိုဖားမော(ငြိမ်း)မှ သာသနာလုံးဆိုင်ရာ ဆုတောင်းပြည့် မာရီးယာသခင်မ (လုဒ်မယ်တော်ပွဲ)အဖြစ် သတ်မှတ်ခဲ့သည်။ ထို့ကြောင့် နှစ်စဉ်နေ့တိုင်း ဖေဖော်ဝါရီလ(၁၁) ရက်နေ့တွင် မာရီးယာသခင်မပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။




ပုံ(၁၀) မယ်တော်လှိုဏ်ဂူ

ဇယား(၄) ခုနှစ်အလိုက် ကျေးရွာသမိုင်းအဖြစ်အပျက်များ

| ခုနှစ် | အကြောင်းအရာ |
|---|---|
| ၁၉၀၄ | ဒေါရောက်ခူနယ်မြေသို့ လောင်းဘလိန်ခူမှ စတင်ပြောင်းရွှေ့လာခြင်း၊ |
| ၁၉၄၀-၁၉၄၆ | ဦးကိုဖော့ ပထမဆုံးကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခြင်း |
| ၁၉၄၆-၁၉၅၅ | ဦးဖောဆူ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခြင်း |
| ၁၉၄၈-၁၉၅၀ | ဝမ်းပျက်ဝမ်းလျှောကပ်ရောဂါကျရောက်ခြင်း |
| ၁၉၅၂ | ယူဆမိုဆိုခေါ် ဆော်ဘောသကျေးရွာသို့ပြောင်းရွှေ့နေထိုင်ခြင်း |
| ၁၉၆၂ | တောင်လှန်ရေးကောင်စီခေတ်တွင် ယူးဆော်မောဆော်ကျေးရွာအုပ်စုမှ ဆောင်ဒူလာကျေးရွာအုပ်စုဟု အမည်ပြောင်းလဲခေါ်ဝေါ်ခြင်း |
| ၁၉၈၄ | ယူးဆော်မောဆော်မှ ယူဆမိုဆိုသို့ အမည်ပြောင်းလဲခေါ်ဆိုခြင်း |

# (၂)
# အသက်မွေးဝမ်းကြောင်းနှင့် မြေယာအသုံးပြုမှု လုပ်ငန်းများ

## ၁။ အသက်မွေးဝမ်းကြောင်း

ယူဆမိုဆိုကျေးရွာတွင် အဓိကဝင်ငွေရရှိသောအရင်းအမြစ်မှာ ဆန်စပါးစိုက်ပျိုးခြင်း လုပ်ငန်းဖြစ်သည်။ ထုံးဖုတ်ခြင်း၊ အဆောက်အအုံတည်ဆောက်ရန်အတွက် ကျောက်ထုတ်ရောင်းချခြင်း၊ အမဲလိုက်ခြင်း၊ သစ်တောထွက်ပစ္စည်း စုဆောင်းခြင်း၊ ထင်းရောင်းခြင်း၊ ဝါးဖြင့် ပစ္စည်းများပြုလုပ်ရောင်းချခြင်း၊ လက်သမား၊ မြေအိုးများပြုလုပ်ခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ ၎င်းတို့အပြင် အခစားလုပ်ငန်း (အများအားဖြင့် ပန်းရံ)၊ အိမ်တွင်းဈေးဆိုင်ဖွင့်ခြင်း၊ မြို့နှင့် ပြင်ပနိုင်ငံများသို့ အလုပ်လုပ်ကိုင်ခြင်းများမှလည်း ဝင်ငွေရရှိသည်။

ကျေးရွာရှိအိမ်ထောင်စုအများစုသည် လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြသည်။ အချို့သည် ကျေးရွာအတွင်း အခြားသူထံတွင် အခစားအငှားလိုက်ခြင်း၊ အခြားကျေးရွာများသို့ အခစားအငှားလိုက်ခြင်းဖြင့်လည်း ဝင်ငွေရရှိရန် ဆောင်ရွက်ကြသည်။ ဒေသခံ(၄)ဦးသည် ကျေးရွာတွင်းရှိ ကျောင်းတွင် ကျောင်းဆရာ၊ ဆရာမ အဖြစ်လည်းကောင်း၊ (၂)ဦးသည် လွိုင်ကော်တက္ကသိုလ်ဆရာအဖြစ် လည်းကောင်း၊ အချို့သည် ကျေးရွာဆေးပေးခန်းတွင် သားဖွားဆရာမအဖြစ်လည်းကောင်း၊ ကျေးရွာရှိ အမျိုးသားဘော်ဒါဆောင်တွင် ဂိုက်ဆရာအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိသည်။ သို့သော် ၎င်းတို့၏မိသားစုသည် လယ်ယာနှင့် တောင်ယာတို့ကိုလည်း လုပ်ကိုင်ကြသည်။ အချို့သည် ဒီးမော့ဆိုမြို့နှင့် လွိုင်ကော်မြို့အပြင် ကယားပြည်နယ်ပြင်ပဖြစ်သော မိုင်းရှူး(ရှမ်းပြည်တောင်ပိုင်း)နှင့် ပြင်ပနိုင်ငံများဖြစ်သော အမေရိကနှင့် ထိုင်းနိုင်ငံတို့တွင် သွားရောက် အလုပ်လုပ်ကိုင်ကြသည်။


### စပါးစိုက်ပျိုးခြင်း

ယူဆမိုဆိုကျေးရွာဒေသခံများအတွက် ဆန်စပါးစိုက်ပျိုးရေးသည် အဓိကအသက်မွေး ဝမ်းကြောင်းဖြစ်ပြီး ၎င်းတို့၏ တစ်နှစ်တာအလုပ်နှင့် ဘဝကို အဆုံးအဖြတ်ပေးသောအရာဖြစ်သည်။ စားသုံးရန် ဆန်စပါးစိုက်ပျိုးသည့်အပြင် ဝင်ငွေရရှိရန်အတွက် အခြားသောလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

အိမ်ထောင်စု (၈၈)စုအနက် (၈၀)စုမှာ စပါးစိုက်ပျိုးကြသည်။ စပါးစိုက်ပျိုးသော အိမ်ထောင်စုအနက်မှ (၄၇)စုမှာ လယ်နှင့် တောင်ယာနှစ်မျိုးလုံးတွင် စိုက်ပျိုးကြပြီး အိမ်ထောင်စု (၃၃)စုမှာ တောင်ယာတွင်သာ စိုက်ပျိုးကြသည်။ လယ်တစ်ခုတည်း လုပ်ကိုင်သောသူမရှိပါ။ ဒေသခံများသည် လယ်မြေနှင့် တောင်ယာမြေများတွင် စပါးအပြင် အခြားသီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြသည်။ သို့သော် တောင်ယာစိုက်ပျိုးခြင်းသည် ဒေသခံများအတွက် လယ်စပါးစိုက်ပျိုးခြင်းထက် ပို၍အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် လူဦးရေတိုးပွားလာသည်နှင့်အမျှ တောင်ယာစိုက်ပျိုးခြင်းသည် လယ်စပါးစိုက်ပျိုးခြင်းကဲ့သို့ မိုးရေအလုံအလောက်သွင်းရန် မလိုအပ်ခြင်း၊ မိုးခေါင်ခြင်း၊ မိုးများခြင်းဒဏ်ကို ခံနိုင်ရည်ပိုရှိခြင်း၊ ဝမ်းစာဖူလုံရန်အတွက် စိုက်ပျိုးသီးနှံများကို ပိုမိုထုတ်လုပ်ပေးနိုင်ခြင်းကြောင့် တောင်ယာစိုက်ပျိုးရေးကို ပိုမိုအားထားကြသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုသည် တောင်ယာ၊ လယ်ယာစိုက်ပျိုးသော်လည်း တစ်နှစ်တာအတွက် လုံလောက်မှုမရှိပေ။ အိမ်ထောင်စု (၈၈)စုအနက် (၁၆)စုသည် တစ်နှစ်နှင့်အထက်၊ အိမ်ထောင်စု (၂၀)စုသည် တစ်နှစ်တာ၊ အိမ်ထောင်စု (၁၃)စုသည် (၈)လတာ၊ အိမ်ထောင်စု (၁၆)စုသည် (၆)လတာနှင့် အိမ်ထောင်စု (၂၃)စုသည် (၆)လအောက် အချိန်ကာလအတွက် ဝမ်းစာဖူလုံမှုရှိသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ မိသားစုထက်ဝက်ကျော် (၅၉%)သည် တစ်နှစ်တာဆန်စပါးဖူလုံမှုမရှိချေ။ ကိုယ်ပိုင်စပါးကုန်သွားသောအခါ ဆန်စပါးဝယ်ယူရန် ဝင်ငွေလိုအပ်သည်။

ပုံ(၁၃)




ထို့အပြင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များအတွက် ဝင်ငွေလိုအပ်သည်။ ထို့ကြောင့် (၆၂. ၅%)သည် အစားအသောက်ဝယ်ယူသည့်အသုံးစရိတ်၊ ၂၀. ၄၅% သည် ပညာရေးအသုံးစရိတ်နှင့် ၁၅% သည် ကျန်းမာရေး အသုံးစရိတ်များဖြစ်သည်။ အခြားသော အသုံးစရိတ်များသည် အသုံးအဆောင်ပစ္စည်းများဝယ်ယူခြင်းနှင့် လမ်းပန်းဆက်သွယ်သွားလာခြင်း စသည်တို့ပါဝင်သည်။



ပုံ(၁၂) လယ်မြေတွင်စပါးစိုက်ပျိုးခြင်း



ပုံ(၁၃) အမြဲတမ်းစိုက်ခင်းတွင် စပါးစိုက်ပျိုးခြင်း

## အခြားစိုက်ပျိုးသောသီးနှံများ

ယူဆမိုဆိုကျေးရွာတွင် စပါးစိုက်ပျိုးခြင်းသည် ဝင်ငွေရရန်အရေးပါဆုံးဖြစ်ပြီးအခစား အငှားလိုက်ခြင်းသည် ဒုတိယအရေးပါဆုံးဖြစ်သည်။ ပြောင်း၊ ပြောင်းကောက်၊ မြေပဲများအပြင် အခြားသော သီးနှံများကိုလည်း ကိုယ်တိုင်စားသုံးရန်အတွက် စိုက်ပျိုးကြသည်။

ထို့အပြင် ကျေးရွာရှိအိမ်ထောင်စု (၃)စုသည် သီးပင်စိုက်ခင်းစုစုပေါင်း (၄)ဧကရှိပြီး ဝင်ငွေရရှိသော ငှက်ပျော၊ ဒညင်း၊ လိုင်ချီး၊ သရက်သီးနှင့် ပိန္နဲသီးများကို နှစ်စဉ်နှင့်အမျှ အဓိကစိုက်ပျိုးကြသည်။

## အခြားရရှိသောဝင်ငွေများ

ဝင်ငွေရရှိရန် သီးနှံများစိုက်ပျိုးရောင်းချခြင်းသည် အဓိကလုပ်ငန်းဖြစ်သော်လည်း ထုံးဖုတ်ခြင်း၊ ရောင်းခြင်း၊ ထင်းခွေရောင်းခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းနှင့် အခစားအငှားလိုက်ခြင်းများမှလည်း ဝင်ငွေအဓိကရရှိသည်။

ထုံးကျောက်ဖုတ်ခြင်း အဆင့်ဆင့်။ ။ ရှေးဦးစွာ မြေတွင် အလျားလိုက်နှင့် ဒေါင်လိုက် အပေါက်နှစ်ပေါက်ပါသော မီးဖိုကိုတူးရမည်။ အလျားလိုက်အပေါက်တွင် ထင်းများထည့်ရန်နှင့် ပိုကြီးသော ဒေါင်လိုက်အပေါက်တွင် ထုံးကျောက်ဖုတ်ရန်နှင့် မီးခေါင်းတိုင်အဖြစ်ထားရန်ဖြစ်သည်။ ကျောက် လုံးဝလောင်သွားသည်အထိ မီးကို (၄)ရက်မှ (၅)ရက် ဆက်တိုက်ဖိုပေးရမည်။ သက်ကယ် (သို့မဟုတ်) ကောက်ရိုးစည်းကို ဒေါင်လိုက်အပေါက်၏နှုတ်ခမ်းဝတွင် ထည့်ပေးရမည်။ အကယ်၍ ၎င်းတို့လောင်သွားလျှင် ထုံးကျောက်လုံးဝလောင်သွားသည်ဟု သိရှိနိုင်သည်။ လောင်သွားသောထုံးကျောက်ကို (၃)ရက် (၃)ည အအေးခံထားရမည်။ ထို့နောက် အိမ်အောက်တွင် သိုလှောင်ထားပြီး (၂)လတာ လေတလှပ်ခံရန် တခါတလေမွှေပေးရမည်။ အမြန်သုံးရန်လိုအပ်လျှင် ထုံးကျောက်ကို ရေလောင်းပေးပြီး နေ့စဉ်မွှေပေးပါက တစ်ပတ်ကြာလျှင် ထုံးမှုန့်ကို အသုံးပြုနိုင်သည်။ သို့သော် အရည်အသွေး သိပ်မကောင်းပါ။

လက်သမားလုပ်ငန်းသည်လည်း ကျေးရွာရှိ လက်သမားကျွမ်းကျင်သူအနည်းငယ်အတွက် ဝင်ငွေကောင်းတစ်ခုဖြစ်သည်။ အိမ်ထောင်စု (၃၈)စုသည် ကျွဲနွားများရှိပြီး ၎င်းတို့ကို လယ်နှင့်တောင်ယာတွင် မြေပြင်ခြင်း (သို့မဟုတ်) သယ်ယူပို့ဆောင်ရေးအတွက် အငှါးလိုက်ခြင်းဖြင့် ဝင်ငွေရရှိသည်။

အိမ်ထောင်စု (၅၄)စုသည် ကျေးရွာတွင်းနှင့် အခြားကျေးရွာများတွင် အခစားအငှားလိုက်သည်။ အချို့မိသားစုသည် သူတို့၏စားဝတ်နေရေးအတွက် အခစားအငှားလိုက်တစ်ခုတည်းသာ မှီခိုသည်။ အိမ်ထောင်စု (၃)စုသည် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် သစ်တောထွက်ပစ္စည်းများကို စုဆောင်းခြင်းနှင့် ရောင်းချခြင်း၊ တိရိစ္ဆာန်မွေးမြူခြင်း၊ ခိုင်းစေခြင်းနှင့် အခစားအငှားလိုက်ခြင်းဖြင့် အသက်မွေးကြသည်။ ယင်းအိမ်ထောင်စု (၃)စု အနက် အိမ်ထောင်စု(၁)ခုသည် မိသားစုဝင်နှစ်ဦးသာရှိပြီး သစ်တောထွက်ပစ္စည်းများကိုဈေးသို့ သွားရောက်ရောင်းချခြင်း၊ ကျေးရွာတွင်း ဆန်၊ စပါးဖြင့် လဲလှယ်ခြင်းများ ပြုလုပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားအိမ်ထောင်စု(၁)စု သည် မိမိကျွဲနွားများကို အသုံးပြု၍ မြေပြင်ခြင်း၊ ပစ္စည်းများတင်ပို့ခြင်း၊ တစ်ခါတစ်ရံ ၎င်းတိရိစ္ဆာန်များရောင်းချခြင်းများ ပြုလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။ ကျန်ရှိသော အိမ်ထောင်စု (၁)စုသည် ကျေးရွာတွင်းနှင့် ပြင်ပကျေးရွာရှိ အခြားသူများထံတွင် အခစားအငှားလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။ အခစားအငှားလိုက်လုပ်ငန်းသည် တစ်နှစ်ပတ်လုံးမရှိသောကြောင့် ယင်းမိသားစုသည် ဆွေမျိုးများထံသို့ ပစ္စည်း (သို့မဟုတ်) ငွေကြေးများချေးငှားပြီး ပြန်လည်ဆပ်ခြင်းဖြင့် စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းကြရသည်။

ဒေသခံများ၏ ဝမ်းစာဖူလုံမှုအတွက် သစ်တောထွက်ပစ္စည်းသည်လည်းအရေးပါသော အခန်းကဏ္ဍတွင်ပါဝင်သည်။ သစ်တောထွက်ပစ္စည်းများမှာ ဟင်းသီးဟင်းရွက်များ၊ တိရိစ္ဆာန်များ၊ သစ်အုသစ်ဖုများ၊ မှိုများ၊ ဆေးဖက်ဝင်အပင်များ၊ အသီးများ၊ ထင်းများ၊ အိမ်သုံးပစ္စည်းများ စသည်တို့ပါဝင်သည်။

ထို့အပြင် အချို့သောဒေသခံများသည် အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်းကို နွေရာသီတွင် သော်လည်းကောင်း၊ မိုးရာသီတွင်သော်လည်းကောင်း ပြုလုပ်ကြသည်။ အမဲလိုက်သည့် ဒေသခံအရေအတွက်ထက် ငါးဖမ်းသည့် ဒေသခံအရေအတွက်မှာ နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာတွင် ချောင်းငယ်လေးတစ်ချောင်းသာရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ဒေသခံများသည် ရံဖန်ရံခါ အိမ်နီးချင်းကျေးရွာရှိ ချောင်းများတွင် ငါးမျှားကြသည်။



ပုံ(၁၄) ဝင်ငွေရရှိရန်အတွက် ဝက်မွေးမြူခြင်း၊(မြေပဲ)များစိုက်ပျိုးရောင်းချခြင်း

တောင်ယာ၊ လယ်လုပ်ခြင်းသည် ဒေသခံများအတွက် ဝင်ငွေနှင့် အစားအစာ၏အဓိက အရင်းအမြစ်ဖြစ်ပြီး တစ်နှစ်တာလုပ်ငန်းနှင့် ဘဝကို အဆုံးအဖြတ်ပေးသောအရာလည်း ဖြစ်သည်။




ပုံ(၁၅) နှစ်စဉ်အလိုက် လုပ်ရှားမှုပြ ပြက္ခဒိန်





ပုံ(၁၆) ရာသီအလိုက်ဆောင်ရွက်သော လုပ်ငန်းများ


## ၂။ မြေအသုံးပြုမှု

ယူဆမိုဆိုကျေးရွာတွင် မြေယာအမျိုးအစားအများပြားရှိသည့်အားလျော်စွာ တစ်မျိုးစီတွင် မတူညီသော နည်းလမ်းများဖြင့် မတူညီသောသီးနှံများနှင့် အခြားသောသီးနှံအရင်းအမြစ်များကို စိုက်ပျိုးရရှိကြသည်။

ယူဆမိုဆိုကျေးရွာရှိ မြေအမျိုးအစားများနှင့် ဧရိယာအကျယ်အဝန်းများကို ဇယား(၅)တွင် ဖော်ပြထားပြီး မြေယာအသုံးပြုမှု မြေပုံကို ပုံ(၁၈)တွင် ဖော်ပြထားပါသည်။ မြေအမျိုးအစားများနှင့် မတူညီသော မြေယာအသုံးပြုမှုများကို ဇယား(၈)တွင် ဖော်ပြထားပါသည်။


ဇယား(၅) မြေအမျိုးအစားများ

| စဉ် | မြေအမျိုးအစားများ | မြေဧရိယာများ |
|---|---|---|
| ၁ | ကျေးရွာမြေ | ၂၃၄ ဧက |
| ၂ | သာသနာမြေ | ၃၀ ဧက |
| ၃ | အများပိုင်ကျေးရွာမြေနှင့် သာသနာမြေ | ၁၇ဧက |
| ၄ | သချိုင်းမြေ | ၈ ဧက |
| ၅ | လယ်မြေ | ၁၀၆ ဧက (၁ဧကမှာကျေးရွာပိုင်မြေဧရိယာ အတွင်းတွင်ရှိသည်။) |
| ၆ | တောင်ယာမြေ | ၂၉၄ ဧက |
| ၇ | သစ်သီးခြံ | ၄ ဧက |
| ၈ | သစ်တောမြေ(ယူကလစ်၊ ကျွန်း၊အင်) | ၁၆၆ ဧက |
| ၉ | ကာကွယ်တောမြေ | ၃၂ ဧက |
| ၁၀ | စားကျက်မြေ | ၁၀ ဧက |
| ၁၁ | ဝါးတောမြေ | ၅ ဧက |




ပုံ(၁၇) ယူဆမိုဆိုကျေးရွာ၏ မြေယာအသုံးပြုမှု

# ယူဆမိဆိုကျေးရွာ၏ ကျေးရွာလူထုပူးပေါင်းပါဝင်သော မြေယာအသုံးပြုမှုပြမြေပုံ




ပုံ(၁၈) ယူဆမိဆိုကျေးရွာ၏ မြေယာအသုံးပြုမှုပြမြေပုံ

## အိမ်ခြံမြေ (ရွာမြေ)

ယူဆမိုဆိုကျေးရွာအိမ်ခြံမြေဧရိယာမှာ (၂၃၄) ဧကရှိပြီး ရွာမြေအတွင်းတွင် လူနေအိမ်များ၊ စာသင်ကျောင်း၊ စပါးကျီများ၊ ဆေးပေးခန်း၊ ဘောလုံးကွင်း၊ ဘုရားကျောင်း၊ မယ်တော်လှိုဏ်ဂူ၊ ဘုန်းတော်ကြီး နေအိမ်၊ မူကြိုကျောင်း၊ နွားတင်းကုတ်များ၊ ဝက်ခြံများ၊ ကျေးရွာလမ်းများ ရှိပါသည်။ ရွာမြေကို ကယန်းဘာသာစကားဖြင့် (ဒေါကလန်းသ) (Doukalăntha)ဟု ခေါ်ဝေါ်ကြသည်။

စိုက်ပျိုးသောစားဖိုဆောင် သီးနှံပင်များမှာ ပြောင်း၊ ဖရုံ၊ သခွား၊ ရှမ်းပဒေသီး၊ သရက်၊ ခရမ်းသီး၊ ငရုပ်သီး၊ ဒညင်းသီး၊ မုန်ညှင်း၊ ပိန္နဲ၊ ငှက်ပျော၊ မက်ခါပင်၊ စူကာသီး၊ ဗူးသီး၊ ချဉ်ပေါင်ပင်၊ သင်္ဘောသီး၊ သံပုရာ၊ ကွမ်းရွက်၊ ကော်ဖီ၊ တရုတ်ကြို့၊ ပဲအမျိုးမျိုး အစရှိသောသီးနှံများကို စိုက်ပျိုးကြပါသည်။ ပြောင်း၊ ငှက်ပျောသီး၊ ပိန္နဲသီး၊ မက်ခါသီး၊ သရက်သီး၊ ကွမ်းရွက်၊ ကော်ဖီ စသည်တို့ကိုမူ ဝင်ငွေရရန်အဖြစ် စိုက်ပျိုးကြပါသည်။



ပုံ(၁၉) ကျေးရွာအိမ်ခြံမြေ

## သာသနာမြေ

ယူဆမိုဆိုကျေးရွာသာသနာမြေသည် ဧကပေါင်း (၃၀) ကျယ်ဝန်းပြီး သာသနာမြေအတွင်းတွင် ဘုရားကျောင်း၊ ဘုန်းတော်ကြီးနေအိမ်၊ မီးဖိုဆောင်၊ ဂိုဒေါင်၊ ဘော်ဒါဆောင်၊ စားဖိုဆောင် သီးနှံစိုက်ခင်းနှင့် မယ်တော်လှိုဏ်ဂူ ပါဝင်ပါသည်။

## သာသနာအသုံးပြုရန် ပေးထားသော ကျေးရွာပိုင်ဘုံမြေ

**ကျေးရွာပိုင်ဘုံမြေကို ကယန်းဘာသာစကားဖြင့် (hankhutalight) ဟန်ခူတလိုက်** ဟုခေါ်ပြီး ဟန်ခူမှာ မြေကြီး၊ တလိုက်မှာ အများပိုင်မြေဟု အဓိပ္ပာယ်ရပါသည်။ ကျေးရွာပိုင်ဘုံမြေမှာ စုစုပေါင်း (၁၇) ဧကရှိပြီး ထိုမြေကို တိုက်နယ်ဘုန်းတော်ကြီးအား သီးနှံများစိုက်ပျိုးရန်ထားရှိသည်။ သီးနှံများရောင်းချပြီး ရရှိသော ဝင်ငွေများကို ဘော်ဒါကျောင်းသားများအတွက် လိုအပ်သောအသုံးစရိတ်များ၊ ဘုရားကျောင်းမွမ်းမံပြင်ဆင်ရန်၊ အဆောက်အဦးဆောက်လုပ်ရန်နှင့် ကျေးရွာ၏ ပွဲလမ်းသဘင်အသုံးစရိတ်များအတွက် အသုံးပြုကြသည်။

## သချိုင်းမြေ

ယူဆမိုဆိုကျေးရွာသချိုင်းမှာ ကျေးရွာ၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး သချိုင်းမြေကို ကယန်းဘာသာစကားဖြင့် လူခူ (Lukhu) ဟု ခေါ်တွင်ပါသည်။ ဧရိယာမှာ (၈)ဧက ရှိပါသည်။

## ယာမြေ (သီးလှည့်စိုက်ပျိုးခြင်း)

ယူဆမိုဆိုကျေးရွာတွင် ယာမြေဧရိယာမှာ (၄၁၇. ၅) ဧက ရှိပြီး မိသားစုပေါင်း (၈၅) စု ပိုင်ဆိုင်ပါသည်။ ယာမြေပေါင်း (၉၃. ၃) ဧကမှာမူ ကွိုင်ငံရွာသစ်နှင့် ငံရိုးကျေးရွာ၏ ဧရိယာအတွင်းတွင် ပါဝင်လျက်ရှိပါသည်။

## လယ်မြေ

လယ်မြေကို ကယန်းဘာသာစကားဖြင့် (နာရှို) Narrao ဟု ခေါ်သည်။ ထိုလယ်မြေများတွင် မိုးရေနှင့် သွင်းရေနှစ်မျိုးလုံးအခြေခံပြီး စိုက်ပျိုးကြသည်။ ယူဆမိုဆိုကျေးရွာများမှ ပိုင်ဆိုင်သော လယ်မြေဧကစုစုပေါင်းမှာ (၁၀၆. ၃) ဧကရှိပြီး အိမ်ခြေပေါင်း (၄၅) အိမ်မှ ပိုင်ဆိုင်သည်။ သို့သော် ယူဆမိုဆို နယ်မြေဧရိယာအတွင်းတွင် (၁၃) ဧကသာရှိပြီး (၉၃. ၃)ဧကသည် အခြားကျေးရွာ ဖြစ်သောကွိုင်ငံရွာဟောင်းရှိ ဆူးငူသာကူးချောင်းတလျှောက်နှင့် ငံရိုးကျေးရွာပိုင် ဧရိယာအတွင်းတွင် ရှိသည်။ လယ်မြေအများဆုံး ပိုင်ဆိုင်သော မိသားစုမှာ (၁၀. ၅) ဧက မှ အနည်းဆုံးပိုင်ဆိုင်သော မိသားစုမှာ (၀. ၅) ဧကရှိပြီး တစ်ဦးချင်းပျမ်းမျှပိုင်ဆိုင်မှုမှာ (၂. ၄)ဧကရှိသည်။

လယ်မြေအတွင်းတွင် စပါးများရိတ်သိမ်းပြီးပါက မြေပဲ၊ ပြောင်းများကို ဝင်ငွေရရန် သီးထပ်စိုက်ပျိုးကြသည်။ လယ်မြေများတွင် အခြားဟင်းသီးဟင်းရွက်များလည်း ရရှိသည်။ စိုက်ပျိုးသော စပါးအမျိုးအစားနှင့် ရရှိသော ဟင်းသီးဟင်းရွက်များကို အောက်ပါဇယားတွင် ဖော်ပြထားသည်။



ပုံ(၂၀) စပါးစိုက်ခင်း

ဇယား(၆)

| စိုက်ပျိုးသော စပါးအမျိုးအစားများ | ရရှိသော ဟင်းသီးဟင်းရွက်များ |
|---|---|
| ၁။ ပင်မည်း | ၁။ ကန်စွန်းရွက် |
| ၂။ ရွှေဝါထွန်း | ၂။ ဆော့ကနောင်လာ (ဒေသစကား) |
| ၃။ ပုလဲသွယ် | ၃။ ဂဏန်းကောင် |
| ၄။ ရွှေရင်အေး | ၄။ ငါးရည့် |
| ၅။ တရုတ်မွှေး | ၅။ ခရု |
| ၆။ ယာကိုး | ၆။ ဖား |
| ၇။ ရွှေအ | ၇။ စလော်ကီးကောင်(ရေထဲရှိ အင်းဆက်ပိုး) |
| ၈။ ကောက်ညှင်း | ၈။ စရိုမိုဖ - (ဒေသဘာသာစကား) |
| | ၉။ စကိုမိုဖ (ဒေသဘာသစကား) |
| | ၁၀။ မြင်းခွာရွက် |
| | ၁၁။ ပန်းခါးရွက် |

**တောင်ယာ**

ကယန်းဘာသာစကားဖြင့် တောင်ယာကို ဆူးခေါင်းဟု ခေါ်သည်။ ဆူး၏ အနက်အဓိပ္ပာယ်မှာ စိုက်ပျိုးခြင်းဖြစ်ပြီး ခေါင်းမှာ တောင်ဖြစ်သည်။ တောင်ယာသည် ကုန်းမြေစိုက်ပျိုးခြင်းတစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသူ/သားများ ကျယ်ပြန့်စွာအသုံးပြုသော စိုက်ပျိုးရေးဖြစ်သည်။ တောင်ယာကို ရွှေ့ပြောင်းတောင်အဖြစ်လူသိများပြီး ကာလတိုစိုက်ပျိုးကာ ကာလရှည်ချန်လှပ်ထားသည်။ သို့သော် ထိုစနစ်သည် ကယားပြည်နယ်အတွင်းရှိ နေရာအလိုက် ပြောင်းလဲနိုင်သည်။ ယူဆမိုဆိုကျေးရွာတွင် တောင်ယာကို နှစ်စဉ်နီးပါး (ကြာရှည်စွာ ချိန်လှပ်ထားခြင်းမရှိပဲ) အသုံးပြုသည်။ ချန်လှပ်ထားသောမြေတွင် သစ်ပင်ခြုံနွယ်များထူထပ်လာပြီး မြေဆီပြန်လည်ကောင်းမွန်သော အချိန်ကာလသို့ရောက်သောအခါ ထိုတောင်ယာမြေကို ပြန်လည်ခုတ်ထွင်ရှင်းလင်းကာ သီးနှံများကို စိုက်ပျိုးကြသည်။

ကယားပြည်နယ်ရှိဒေသခံများသည် သူတို့၏မြေများကို ချန်လှပ်မထားခင် နှစ်များစွာအသုံးပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် တောင်ယာကို မြေဆီလွှာကောင်းမွန်ပြီး တောင်ထိပ်မှ မြေတိုက်စားမှုမရှိသော အနည်းငယ်သာ မတ်စောက်သောမြေတွင် အသုံးပြုသောကြောင့်ဖြစ်သည်။ ထို့ကြောင့် (၈)နှစ်ကြာ စိုက်ပျိုးပြီးမှ အခြားနေရာသို့ ရွှေ့ပြောင်းသည်။ ဒေသခံများသည် သီးထပ်စိုက်ပျိုးခြင်းနှင့် ဆက်တိုက်စိုက်ပျိုးခြင်း ဗဟုသုတရှိသောကြောင့် တောင်ယာကို မြေဆီလွှာပြဿနာမရှိပဲ နှစ်ရှည်လများ ကြာရှည်စွာစိုက်ပျိုးနိုင်သည်။ ယူဆမိုဆိုတွင် တောင်ယာစိုက်ပျိုးသည့် အလေ့အထသည် အခြားအိမ်နီးချင်းကျေးရွာများနှင့် ကွဲပြားသည်။ ယူဆမိုဆိုရှိတောင်ယာသည် အမြဲတမ်းစိုက်ပျိုးအသုံးပြုသည်။ မြေဆီလွှာကောင်းသောမြေနှင့် သူတို့၏ မြေစီမံခန့်ခွဲမှု၊ သီးထပ်စိုက်ပျိုးမှုနှင့် ဆက်တိုက် စိုက်ပျိုးမှုနှင့်ပတ်သက်ပြီး ကြွယ်ဝသောဗဟုသုတရှိသောကြောင့် မြေကို အမြဲတမ်းအသုံးပြုနိုင်သည်။ ထို့အပြင် မြေကို တိရစ္ဆာန်အညစ်အကြေးများ၊ သစ်ပင်/သစ်ရွက်ဆွေးများ၊ ရိတ်သိမ်းပြီးနောက် မြေလှန်ပေးခြင်းဖြင့် ပြုပြင်သည်။ အမြဲတမ်းစိုက်ပျိုးသော်လည်း တောင်ယာဟုခေါ်သည်။

ယူဆမိုဆိုကျေးရွာမြေဧရိယာအတွင်းတွင် တောင်ယာမြေ စုစုပေါင်း (၃၁၁)ဧကရှိပြီး အိမ်ထောင်စု (၈၅) စုမှ ပိုင်ဆိုင်သည်။ အခြားကျေးရွာ၏ မြေဧရိယာတွင်ရှိသော ယူဆမိုဆိုကျေးရွာမိသားစု ပိုင်ဆိုင်သော လယ်မြေဧကများမပါဝင်သေးပါ။ အိမ်ထောင်စု (၈၅)စုမှ အချို့သည် လယ်မြေကိုလည်း ပိုင်ဆိုင်ကြသည်။ လယ်မြေနှင့် တောင်

ယာသည် ယူဆမိုဆိုကျေးရွာ၏ စားဝတ်နေရေးအတွက် အရေးကြီးဆုံးအရာဖြစ်သည်။ အိမ်ထောင်စု(၁)စုသည် အနည်းဆုံး(၁)ဧကမှ အများဆုံး(၅)ဧကအထိပိုင်ဆိုင်ပြီး ပျမ်းမျှအားဖြင့် (၃.၇)ဧကပိုင်ဆိုင်သည်။ လယ်မြေဧရိယာအကန့်အသတ်ကြောင့် တောင်ယာသည် ဒေသခံ၏ အစားအစာဖူလုံမှုအတွက် အရေးကြီးသောအရာဖြစ်သည်။ ယူဆမိုဆိုကျေးရွာသူ/သားများသည် ပေါင်းပင်ထိန်းချုပ်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်းကို အလွန်ပင်သိရှိသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြထားသည့်အတိုင်း မြေကို ကောင်းစွာထိန်းသိမ်းသည်။ အချို့မိသားစုသည် စပါးနှင့် ပြောင်းဖူးအတွက် ဓာတုမြေဩဇာကို စတင်အသုံးပြုကြသည်။



ပုံ(၂၁) တောင်ယာမြေစိုက်ခင်း

ဇယား (၇) တောင်ယာမြေတွင် စိုက်ပျိုးသော သီးနှံများ

| စဉ် | အဓိကစိုက်ပျိုးသောသီးနှံများ/ စားသုံးရန် ရှိသော သီးနှံများ | အမျိုးအစားများ | စုစုပေါင်း |
|---|---|---|---|
| ၁။ | စပါး | ၁. ငကွဲ (မြန်မာအမည်)<br>၂. ဘုံ့ကိန် (ကယန်းကငန်အမည်)<br>၃. ယာကိုး (မြန်မာအမည်)<br>၄. ထီးပိုးကလိုး (ဒေသတစ်ခုမှ စပါး)<br>၅. ပုလဲသွယ်(မြန်မာအမည်) | (၅) မျိုး |
| ၂။ | ပြောင်းကောက် | ၁. စကလုံလိန်(ပြောင်းကောက်နီ)<br>၂. စကလုံဘုန် (ပြောင်းကောက်ဖြူ) | (၂) မျိုး |
| ၃။ | သခွား | ၁. သခွားရှည်<br>၂. သခွားလုံး<br>၃. သခွားခါး<br>၄. သခွားချို | (၄) မျိုး |
| ၄။ | မုန်ညင်း | ၁. မုန်ညင်းဖြူ<br>၂. မုန်ညင်းစိမ်း | (၂) မျိုး |


| စဉ် | အစိတစိုက်ပျိုးသောသီးနှံများ/ စားသုံးရန် ရှိသော သီးနှံများ | အမျိုးအစားများ | စုစုပေါင်း |
|---|---|---|---|
| ၅။ | ဖရုံ | ၁. ဖရုံသီးဝိုင်း (ကြီး)<br>၂. ဖရုံသီးဝိုင်း (သေး)<br>၃. ဖရုံသီး (ရှည်) | (၃) မျိုး |
| ၆။ | ကျောက်ဖရုံ | | (၂) မျိုး |
| ၇။ | ပဲသီး | ၁။ ဘိန်းဒူ (ဒေသဘာသာစကား)<br>၂။ ပဲပုဇွန် (မြန်မာဘာသာစကား)<br>၃။ ပဲနောက် (မြန်မာဘာသာစကား) | (၃) မျိုး |
| ၈။ | မျောက်ဥ | ၁။ မျောက်ဥဖြူ (ကြီး) - နွိုင်ဒူဘုံး(ဒေသဘာသာစကား)<br>၂။ မျောက်ဥနီ  - နွိုင်လိန်( ဒေသဘာသာစကား)<br>၃။ မျောက်ဥဖြူ (သေး) - နွိုင်ဘုံး(ဒေသဘာသာစကား)<br>၄။ မျောက်ဥ (ရှည်) - နွိုင်သုန်ဖန်း(ဒေသဘာသာစကား) | (၄) မျိုး |
| ၉။ | ပိန်းဥ | ၁။ ပိန်းဥ (နီ) ဆူလိန် (ဒေသဘာသာစကား)<br>၂။ ပိန်းဥ (ဖြူ) ဆူဘုံး (ဒေသစကား)<br>၃။ ရှုဘရွေ (ဒေသစကား)<br>၄။ ရှုတရီ (ဒေသစကား) | (၄) မျိုး |
| ၁၀။ | ဂျင်း | | (၁)မျိုး |
| ၁၁။ | ငရုတ်သီး | ၁။ **Thahaīyuueaǐ(Local)** ကုလားအော်သီး<br>၂။ **Thahaīdu(local)** ငရုတ်ပွ(ရှုရှား)<br>၃။ **Thahaīhtoě (local)** ငရုတ်ရှည်<br>၄။ သပိုက်သနောင့် မိုးမျှော် | (၄)မျိုး |
| ၁၂။ | အာလူး | နွိုင်လုန်း | (၁) မျိုး |
| ၁၃။ | ကန်စွန်းဥ | ၁။ ကန်စွန်းဥ(နီ) **(Nwe ma ohn lee)**<br>၂။ ကန်စွန်းဥ(ဖြူ) **(Nwe ma ohn buu)** | (၂) မျိုး |
| ၁၄။ | မှို | ၁။ ဝွမ်ဂျာ (ဖက်စွတ်မှို)<br>၂။ ဝွမ်ပလုံ (တောင်ပို့မှို) | (၂) မျိုး |
| ၁၅။ | မာလာဖူး **(phuklo)** | ဖူးကလို(ဒေသစကား) သဘာဝပေါက်ရောက်နေသော အပင် | (၁) မျိုး |
| ၁၆။ | ချဉ်ပေါင် | | (၁) မျိုး |
| ၁၇။ | ပိစပ်ရွက်<br>(သုန်လာ) ဘာသာစကား | ၄င်းအပင်၏အရွက်သည် အနံ့ပြင်းပြီး အဝါရောင် အပွင့်များ ရှိသည်။ ဟင်းအဖြစ် ချက်ပြုတ်ကြသည်။ | (၁) မျိုး |
| ၁၈။ | ကြောင်လျှာသီး | တဒသာ (ဒေသဘာသာစကား) | (၁) မျိုး |
| ၁၉။ | ပြောင်းဖူး | ၁။ ပြောင်းဖူး(ဝါ)<br>၂။ ပြောင်းဖူး (ဖြူ)<br>၃။ ကောက်ညှင်းပြောင်း | (၃) မျိုး |
| | | စုစုပေါင်း | (၄၆) မျိုး |












ပုံ(၂၂)

၁။ ရုတ် ၂။ မုံညင်း ၃။ ပိန်းဥ ၄။ ပဲသီး ၅။ သခွား ၆။ ဂျင်း၊ အာလူး၊ ခရမ်းချဉ်သီး ၇။ ပြောင်းကောက်




ပုံ(၂၃)ကော်ဖီနှင့် သရက်များကို သစ်သီးခြံမြေနှင့် အိမ်ခြံမြေတွင် စိုက်သည်။

## သစ်သီးခြံမြေ

ယူဆမိုဆိုကျေးရွာရှိ သစ်သီးခြံမြေသည် ကျေးရွာ၏ အနောက်မြောက်ဘက်နှင့် အနောက်တောင်ဘက်တွင်တည်ရှိပြီး ဧရိယာမှာ စုစုပေါင်း (၄) ဧကရှိသည်။ သစ်သီးခြံမြေတွင် သရက်၊ ပိန္နဲ၊ လိုင်ချီး၊ တရုတ်ကြို့၊ ငှက်ပျောနှင့် မက်ခါပင်များကို စိုက်ပျိုးထားပါသည်။ နှစ်ရှည်သီးနှံပင်များနှင့်အတူ ကွမ်းရွက်၊ ကော်ဖီနှင့် ပြောင်းဖူးအနည်းငယ် ရောနှောစိုက်ပျိုးကြသည်။ သစ်သီးခြံမြေရှိ စိုက်ပျိုးထားသော သစ်သီးပင်များအနက် ဝင်ငွေရသီးနှံများမှာ ပြောင်းဖူး၊ ငှက်ပျော၊ ပိန္နဲ၊ မက်ခါး၊ သရက်၊ ကွမ်းရွက်နှင့် ကော်ဖီတို့ ဖြစ်သည်။

## သစ်တောမြေ

သစ်တောမြေကို ကယန်းဘာသာစကားဖြင့် (သုန်ဖာ)ဟုခေါ်တွင်ပြီး "သုန်" ၏ အနက်အဓိပ္ပာယ်မှာ "သစ်တော"နှင့် "ဖာ" ၏ အဓိပ္ပာယ်မှာ "ခင်း" ဖြစ်သည်။ ယူဆမိုဆိုကျေးရွာရှိ သစ်တောမြေမှာ စုစုပေါင်း (၁၆၅) ဧကရှိသည့်အနက် (၁)ဧကသည် ဦးဆန်နီပိုင်ဆိုင်ပြီး ကျန်ရှိသောသစ်တောမြေမှာမူ ကျေးရွာပိုင် သစ်သောမြေ ဖြစ်သည်။ သစ်တောမြေသည် ကျေးရွာလူထု၏ ဓလေ့နှင့် စားဝတ်၊ နေရေးအတွက် များစွာအရေးပါသည်။

ကျေးရွာဧရိယာတလျှောက်ရှိ သစ်တောမြေများတွင် ကျေးငှက်မျိုးစုံနှင့် တောတိရိစ္ဆာန်များစွာ မှီခိုကျက်စားလျက်ရှိသည်။ ခါငှက်၊ ငုံး၊ ဘုတ်ကလိုငှက်၊ ဆက်ရက်ငှက်၊ ငှက်တော်၊ စာပုတီး၊ ချိုး၊ မြေဝပ်ငှက်၊ ဘီလုံးငှက်၊ ကျီးကန်း၊ စွန်ငှက်၊ ငှက်ခါး၊ နှံပြီစုတ်၊ ကြက်တူရွေး၊ သာလိကာ၊ သစ်တောက်ငှက်၊ စာဗူးတောင်းငှက်၊ ဘုတ်ငှက် စသည့်ငှက်အမျိုးမျိုးကိုတွေ့ရှိပြီး နို့တိုက်သတ္တဝါဖြစ်သော မြေခွေး၊ ယုန်နှင့်တောကြောင်များလည်းရှိသည်။ ထို့ အပြင် အသုံးဝင်သော အင်းဆက်များဖြစ်သော ပုရစ်၊ ကျိုင်းကောင်နှင့် ပုစဉ်းရင်ကွဲနှင့် တွားသွားသတ္တဝါဖြစ် သော မြွေနှင့် ဖွတ်ပုတက်များလည်းရှိသည်။

## ကျေးရွာပိုင်သစ်တော

ကျေးရွာပိုင်သစ်တောမှာ စုစုပေါင်း(၆၀. ၅)ဧကရှိပြီး သစ်တောသည် အစားအစာအမျိုးအမျိုးနှင့် ဝင်ငွေ အတွက် အရင်းအမြစ်တစ်ခုဖြစ်သည်။ ဝင်ငွေရရှိသော အဓိကထုတ်ကုန်များမှာ ကျွန်းပင်၊ အင်ကြင်းပင်၊ သစ် ယာ၊ ယမနိပင်နှင့် လိုင်ချီးပင်တို့ဖြစ်သည်။ ထို့အပြင် သစ်သီးအမျိုးမျိုး၊ စားသုံးနိုင်သော အပင်များနှင့် အသုံးဝင် သော အပင်များလည်းရရှိသည်။ ၎င်းတို့မှာ တဖန်းသီး၊ တောလိုင်ချီး၊ အဆောက်အဦးဆောက်လုပ်ရန်အတွက် သစ်မာများဖြစ်သော ကော်ပင်၊ ပြာပင် (သို့မဟုတ်) သပြေပင်၊ စွယ်တော်ပင်၊ ငွေးဒေါက်ပင်၊ အင်ဥနှင့် အခြား မှိုများ၊ ညောင်ချဉ်ဖူး၊ လိလူနှင့် ကင်မွန်းချဉ်စသည်တို့ဖြစ်သည်။



ပုံ(၂၄) ကျေးရွာပိုင်သစ်တောမြေ

## ကျေးရွာကာကွယ်တော

ကျေးရွာကာကွယ်တောမြေကို ကယန်းဘာသာစကားဖြင့် "တမာဒီးတန်သုန်ဖာ" ဟုခေါ်တွင်ပြီး "တာမာ" = "အလုပ်"၊ "ဒီးတန်" = ကာကွယ်၊ "သုန်ဖာ" = "သစ်တောခင်း" ဟုအနက် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ကျေးရွာကာကွယ်တောမြေသည် (၁. ၂၅) ဧကကျယ်ဝန်းပြီး ၂၀၁၄ ခုနှစ်တွင် ထိုသစ်တောကို စတင်ကာကွယ်ထိန်းသိမ်းရန်နှင့် ကျေးရွာနယ်နိမိတ်ရှိ သစ်တောဧရိယာတိုးချဲ့ရန် ရည်ရွယ်ပြီး တည်ထောင်ခဲ့သည်။ ကာကွယ်တောမြေကို သစ်တောကော်မတီမှ စီမံခန့်ခွဲသည်။

သစ်တောရှိ မျိုးစေ့များကို အနာဂတ်အတွက် ရည်ရွယ်၍ ထိန်းသိမ်းသည်။ ကာကွယ်တော မြေအတွင်းတွင် အမဲလိုက်ခြင်း၊ သစ်၊ဝါးများခုတ်ခြင်း၊ သစ်မျှစ်၊ သစ်ဥများရှာဖွေခြင်းနှင့် ဖြတ်သန်းခြင်းကို တားမြစ်ထားသည်။ တားမြစ်ချက်များ ဖောက်ဖျက်ပါက ကော်မတီများချမှတ်ထားသော စည်းကမ်းအတိုင်း အရေးယူခြင်းကို ခံရမည်။

## စားကျက်မြေ

စားကျက်မြေကို ကယန်းဘာသာစကားဖြင့် (ဘုန်ကလန်အန်ဆာ) ဟုခေါ်တွင်ပြီး အနက်အဓိပ္ပာယ်မှာ ( "ဘုန်" = "နွား"၊ "ကလန်" = "နေရာ"၊ "အန်" = "စား"၊ "ဆာ" = "အစာ" ) ဖြစ်သည်။ စားကျက်မြေသည် ကျေးရွာမြေအနီးတွင် (၂) ကွက်ရှိပြီး ဧရိယာမှာ (၁၀) ဧက ရှိသည်။ စားကျက်မြေ (၂) ကွက်၏ အမည်မှာ "ဘုန်ကလန်ခူး လူဒေါ်" နှင့် "ဘုန်ကလန်ခူးလူလာ" ဖြစ်ပြီး ကျေးရွာသင်္ချိုင်းမြေ၏ အပေါ်ဘက်နှင့် သင်္ချိုင်းမြေ၏ အောက်ဘက်တွင် တည်ရှိသည်ဟု အဓိပ္ပာယ်ရသည်။

စားကျက်မြေသည် ကျေးရွာပိုင်ဖြစ်ပြီး ကျေးရွာလူထုပိုင်ဆိုင်သော ကျွဲ၊ နွား များအား ထိုစားကျက်မြေတွင် ကျက်စားစေသည်။ စားကျက်မြေသည် ကျေးရွာအတွင်းရှိ ကျွဲ၊ နွားများ အစာအတွက် လုံလောက်မှုမရှိသဖြင့် ကျွဲ၊ နွားများအား ကျေးရွာဘောလုံးကွင်းနှင့် ဆော်ပထန်ကျေးရွာရှိ စားကျက်မြေများတွင် လွှတ်ကျောင်းကြသည်။ မေလမှ နိုဝင်ဘာလအတွင်း သီးနှံများစိုက်ပျိုးထားခြင်းကြောင့် စိုက်ခင်းအတွင်းသို့ တိရိစ္ဆာန်များ မဝင်ရောက်နိုင်ရန် ကျွဲ၊ နွား ကျောင်းသားများမှ ထိန်းကျောင်းထားသည်။ စိုက်ခင်းရှိ သီးနှံများရိတ်သိမ်းပြီးသော ဒီဇင်ဘာလမှ မေလအထိ ကျွဲ၊ နွားများကို စိုက်ခင်းများတွင် လွှတ်ကျောင်းနိုင်သည်။ စားကျက်မြေများသည် စားသုံးနိုင်သော အစားအစာဖြစ်သော မှို၊ ဝါးမျှစ်၊ ညောင်ချဉ်ဖူး၊ စွယ်တော်ရွက်၊ ကင်ပွန်းချဉ်ရွက်နှင့် ငုံးငှက် စသော သဘာဝအစားအစာများလည်းရရှိပါသည်။



ပုံ(၂၅) စားကျက်မြေ

## ဝါးတောမြေ

ဝါးတောမြေကို ကယန်းဘာသာစကားဖြင့် (ဝှာဖာ) ဟုခေါ်ထွင်ပြီး အနက်အဓိပ္ပာယ်မှာ “ဝှာ” = “ဝါး”၊ “ဖာ”= “အခင်း” ဖြစ်သည်။ ဝါးတောမြေသည် (၅) ဧက ကျယ်ဝန်းပြီး ကျေးရွာလူထုများ ပိုင်ဆိုင်သည်။ ဝါးတောမြေမှ ဝါးကို အမျိုးမျိုးအသုံးပြုကြသည်။ ခြင်းတောင်း၊ ပုလိုင်းယက်လုပ်ရန်၊ ကြက်ထည့်ရန် ခြင်းတောင်း ယက်လုပ်ခြင်း၊ နီးဖြာခြင်း စသည်တို့အတွက် အသုံးပြုသည်။ ဝါးကို ကျေးရွာအတွင်းရှိ ပွဲလမ်းသဘင်များ၊ သာရေး၊ နာရေးကိစ္စရပ်များတွင် မဏ္ဍပ်ဆောက်လုပ်ခြင်း၊ စတိတ်စင် ဆောက်လုပ်ခြင်း၊ စားပွဲ၊ ထိုင်ခုံအဖြစ် ပြုလုပ်အသုံးပြုကြသည်။ ထို့ကြောင့် ဝါးသည် ကျေးရွာလူထုများအတွက် အရေးပါသော အရင်းအမြစ်တစ်ခုဖြစ်ပြီး ဝင်ငွေရစေသော အရာလည်းဖြစ်သည်။

ယူဆမိုဆိုကျေးရွာရှိ ယာမြေ၊ စားကျက်မြေများကို ကျေးရွာလူထုများမှ အသက်မွေးဝမ်းကျောင်းအတွက် စနစ်တကျစီမံခန့်ခွဲကာ အသုံးပြုကြသည်။ မြေအမျိုးအစားများအလိုက် စိုက်ပျိုးသောသီးနှံအမည်များ ရရှိသော သဘာဝသီးနှံများ၊ ရရှိသောအရင်းအမြစ်များကို အောက်ပါ ဇယား(၈)တွင် ဖော်ပြထားပါသည်။

**ဇယား (၈) မြေအမျိုးအစားအလိုက်ရရှိသော အရင်းအမြစ်များ**

| မြေအမျိုးအစား | ဒေသထာသာစကား | စိုက်ပျိုးသော သီးနှံပင်အမျိုးအစားများနှင့် သဘာဝသီးနှံများ | အခြားအရင်းအမြစ်များ |
|---|---|---|---|
| လယ်မြေ | နာရှီ | စပါး၊ မြေပဲ၊ ပြောင်းနှင့် မြင်းခွာရွက် | |
| တောင်ယာမြေ | ဆူးခေါက် | စပါးပြောင်း၊ ငရုတ်၊ ပိန်းဥ၊ မျောက်ဥ၊ ဖရုံ၊ သခွား၊ ပဲအမျိုးမျိုး၊ မြင်းခွာရွက်၊ မှို | ထင်း |
| သစ်တောမြေ | သုန်ဖာ | သစ်ဥသစ်ဖု၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွ၊ ကတွတ်သီး၊ ကော်ပင်၊ ပြပင်၊ သပြေသီး၊ စွယ်တော်၊ ခွေးတောက်၊ အင်ဥ၊ မှို၊ ညောင်ချဉ်ဖူး၊ လေးလုံ့ရွက်၊ ကင်ပွန်းချဉ် | သစ်အမျိုးမျိုး၊ ဝါး၊ ထင်း၊ ထုံးကျောက်၊ ငှက်၊ တိရိစ္ဆာန်များ |
| ကာကွယ်တော | တမန်ဒီးထန်သုန်ဖာ | သစ်ဥသစ်ဖု၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွ၊ ကတွတ်သီး၊ ကော်ပင်၊ ပြပင်၊ သပြေသီး၊စွယ်တော်၊ ခွေးတောက်၊ အင်ဥ၊ မှို၊ ညောင်ချဉ်ဖူး၊ လေးလုံ့ရွက်၊ ကင်ပွန်းချဉ် | သစ်အမျိုးမျိုး၊ ဝါး၊ ထင်း၊ ထုံးကျောက်၊ ငှက်၊ တိရိစ္ဆာန်များ |
| သစ်သီးခြံ | သုန်ဖာ | ငှက်ပျော၊သရက်၊ မာလကာ ၊သံပုရာ | ထုံး |
| အိမ်ခြံမြေ | သယန်ကလန် | မုန်ညင်း၊ငရုတ်၊ ခရမ်းသီး၊ ငှက်ပျော၊ ပြောင်း၊ သရက်၊ ပိန္နဲ၊ ပဲအမျိုးမျိုး၊ ဗူးသီး | |
| စားကျက်မြေ | ဘုန်ကလန်အန်ဆာ | မှို | မြက် |
| သချိုင်းမြေ | လူခူ | ကြို့သီး၊ သပြေသီး | |
| သာသာနာမြေ | ကျောင်းသဘန်းကလန် | ကြောင်းလျှာသီးနှင့် ဟင်းသီးဟင်းရွက်များ | |
| အများပိုင်ဘုံမြေ | ဟန်ခူတလိုက် | ပြောင်းဖူး၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ ဝက်စာပင် | |

# (၃)
# ရိုးရာဓလေ့နှင့် ဆိုင်သော မြေယာ အသုံးပြုမှုနှင့် စည်းမျဉ်းစည်းကမ်းများ

ယူဆမိုဆိုကျေးရွာအတွင်းရှိ ကျေးရွာသူရွာသားများသည် မြေယာဥပဒေနှင့်ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်းများကို အနည်းငယ်သာချမှတ်ထားသည်။ အခြားကျေးရွာများမှ မိမိတို့၏ ကျေးရွာပိုင်အရင်းအမြစ်များဖြစ်သော ကျောက်များထုတ်ယူခြင်း၊ သစ်ပင်များခုတ်ယူခြင်းများကိုမူ ထုတ်ယူသုံးစွဲခွင့်မရှိပါ။ တော်လှန်ရေးကောင်စီခေတ် (၁၉၇၀)ခုနှစ်မှစတင်ကာ ဒေသခံကျေးရွာလူထုတို့မှ မိမိတို့၏မြေယာအသုံးပြုမှုအတွက် အစိုးရထံတွင် အခွန်ဆောင်ခဲ့သည်။ သို့သော်ငင်းသည် တရားဝင်မဟုတ်ကြောင်းကို အခွန်ကြီးကြပ်ရေးအဖွဲ့မှ ၂၀၁၃ခုနှစ်တွင် ထုတ်ပြန်ပြီးပုံစံ(၇)ကို ၂၀၁၄ခုနှစ်တွင် အသစ်ပြန်လည်လျှောက်ခွင့်ပြုခဲ့သည်။ သို့သော် ၎င်းပြေစာသည်မြေယာလုပ်ပိုင်ခွင့်ပြေစာသာဖြစ်ပြီး မြေယာပိုင်ဆိုင်ခွင့်ပြေစာမဟုတ်ချေ။ အိမ်ထောင်စု (၈၈) စုရှိသည့်အနက် ပုံစံ(၇) ပြေစာရှိသောအိမ်ထောင်စုမှာ (၄၅)စုဖြစ်ပြီး အိမ်ထောင်စု(၄၃)စုမှာမူ မိမိတို့၏ မြေယာလုပ်ပိုင်ခွင့်အတွက် အသိအမှတ်ပြုပြေစာများ မရရှိသေးပါ။ သို့သော် ယူဆမိုဆိုကျေးရွာတွင် မိမိတို့ရိုးရာ ဓလေ့ထုံးတမ်းဥပဒေတွင် ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများအရ မြေယာလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အခွင့်အရေးများကို ခေတ်အဆက်ဆက်ကျင့်သုံးလာခဲ့သည်မှာ ယနေ့တိုင်အထိဖြစ်သည်။

## ၁။ ရိုးရာဓလေ့အရ မြေယာလုပ်ပိုင်ခွင့်

ယူဆမိုဆိုကျေးရွာရှိတိုင်းရင်းသားများသည် အခြားဌာနေတိုင်းရင်းသားများနည်းတူ မိမိတို့၏ နယ်နိမိတ်အတွင်းရှိ မတူညီသောမြေယာအမျိုးအစားများနှင့် သဘာဝအရင်းအမြစ်များအပေါ် ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်များကို ရိုးရာဓလေ့ စည်းမျဉ်း၊ စည်းကမ်းများဖြင့် ထိန်းချုပ်စီမံခန့်ခွဲလျှက်ရှိပါသည်။ ၎င်းတို့တွင် မိသားစုအလိုက် မြေယာပိုင်ဆိုင်မှုနှင့် အစုအဖွဲ့ပိုင်မြေယာဟူ၍ မြေယာပိုင်ဆိုင်မှု ပုံစံနှစ်မျိုးရှိသည်။

### မိသားစုအလိုက် မြေယာပိုင်ဆိုင်ခွင့်

ယူဆမိုဆိုကျေးရွာရှိ လယ်မြေ၊ တောင်ယာမြေ၊ သစ်သီးခြံမြေ၊ အိမ်ခြံမြေများကို မိသားစုအလိုက် ပိုင်ဆိုင်ကြသည်။ ကျေးရွာတွင် မိသားစုတစ်စုသာလျှင် သစ်တောမြေတစ်ကွက်ကို ပိုင်ဆိုင်လျက်ရှိသည်။ မြေယာနှင့်သက်ဆိုင်သော ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်များကို ကိုယ်တိုင်ဆုံးဖြတ်ကြပြီး အမွေဆက်ခံရာတွင် သားယောက်ကျားလေးများကို ဦးစားပေးခဲ့ဝေသည်။ အထွေးဆုံးသားယောက်ျားလေးကို မိသားစုပိုင်ဆိုင်သော မြေယာများမှ (၃)ပုံ(၂)ပုံကို ခွဲဝေပေးပြီး ကျန်ရှိသောမြေယာများကို သားဦးကိုခွဲဝေပေးပါသည်။ အခြားကျန်ရှိသောသားများကိုမူ ၎င်းတို့နေထိုင်ရန်နှင့် လယ်ယာစိုက်ပျိုးရေးများအတွက် လိုအပ်သောပစ္စည်းများကို ခွဲဝေပေးပါသည်။

### ကျေးရွာပိုင်မြေ

အများပိုင်သစ်တော၊ကာကွယ်တော၊ ဝါးတောမြေ၊ စားကျက်မြေ၊ သာသနာမြေများကို ယူဆမိုဆိုရှိ ကျေးရွာလူထုများအားလုံး စုပေါင်းပိုင်ဆိုင်ကြပါသည်။ ကျေးရွာအစုအဖွဲ့ပိုင်မြေယာနှင့် အရင်းအမြစ်များအသုံး

ပြုမှု၊ အသုံးချမှုများအတွက် စည်းကမ်းချက်များချမှတ်ထားပြီး သစ်တောကော်မတီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်ထိန်းကွပ်လျက်ရှိသည်။

## ၂။ ဓလေ့ထုံးတမ်းဥပဒေနှင့် အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း

ယူဆမိုဆိုကျေးရွာအတွင်းရှိ ကျေးရွာသူရွာသားများသည် မိသားစုအလိုက် ပိုင်ဆိုသောမြေယာနှင့် အစုအဖွဲ့ပိုင်မြေယာများကို အသုံးပြုရာတွင် စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ထားပါသည်။ ယေဘုယျအားဖြင့် မိမိတို့၏ ကိုယ်ပိုင်မြေများသည် ကျေးရွာနယ်နိမိတ်အတွင်းတွင် ရှိမှသာလျှင် နေထိုင်ခွင့်ရှိပြီး ကျေးရွာအတွင်းရှိ ကျေးရွာသူ၊ ရွာသားများသာလျှင် သဘာဝအရင်းများဖြစ်သော ထုံးကျောက်များထုတ်ယူခြင်း၊ သစ်များ ခုတ်ယူအသုံးပြုခြင်းတို့ကို ခွင့်ပြုထားသည်။

## နေအိမ်နှင့် ခြံမြေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ကက်သလစ်ဘာသာဝင် မဟုတ်သောသူများနှင့် ကယန်း(ကငန်)လူမျိုးမဟုတ်သောသူများသည် ကျေးရွာတွင်အခြေချနေထိုင်ခွင့်ကို ပိတ်ပင်ထားသည်။ အိမ်ခွဲနေလိုသောမည်သည့် အိမ်ထောင်စုမဆို ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရပ်ရွာလူကြီး/ရပ်မိရပ်ဖများနှင့် တိုင်ပင်ညှိနှိုင်းကာ သဘောတူခွင့်ပြုချက်ကို တောင်းခံရသည်။ တစ်ဦးတစ်ယောက်သည် ကျေးရွာအတွင်းရှိ မြေတစ်ကွက်ကို ဝယ်ယူပြီးလျှင် ၎င်းမြေကွက်ပေါ်တွင် သီးခြားအိမ်တစ်လုံးကို ဆောက်လုပ်ရမည်ဖြစ်သည် အိမ်ဆောက်လုပ်ရန် အုတ်မြစ်စချသည်နှင့်တစ်ပြိုင်နက် ကျေးရွာ၏ နှစ်စဉ်ကြေးအဖြစ် ၂၀၀၀၀(နှစ်သောင်းကျပ်တိတိ)ကို သုံးနှစ်အထိ ရေနှင့် မီးအသုံးပြုမှုအတွက် ရံပုံငွေအဖြစ် ထည့်ဝင်ပေးဆောင်ရမည်။ သုံးနှစ်ပြည့်ပါက ထပ်မံပေးဆောင်ရန် မလိုအပ်တော့ပါ။ ကျေးရွာသို့ ပြောင်းရွှေ့လာသောမည်သူမဆို ကျေးရွာရံပုံငွေဖြစ်သော နှစ်စဉ်ကြေးကို ပုံမှန်ထည့်ဝင်ရမည်ဖြစ်ပြီး နေအိမ်သစ်တွင် စတင်နေထိုင်ချိန်မှစတင်၍ ရပ်ရေးရွာရေးကိစ္စရပ်များတွင်လည်း လုပ်အားပေးထည့်ဝင် လုပ်ဆောင်ရမည်ဖြစ်သည်။

## နေအိမ်သစ်ဆောက်လုပ်ခြင်းဆိုင်ရာစည်းကမ်းချက်များ

နေအိမ်သစ်ဆောက်လုပ်ရာတွင် လိုအပ်သော သစ်၊ ဝါးနှင့် သက်ကယ်အမိုး အစရှိသည်တို့ကို ကျေးရွာသူ/သားများအတူတကွ သွားရောက်ခုတ်ယူ သယ်ဆောင်ခြင်းဖြင့် စုပေါင်းဆောက်လုပ်သော စနစ်ကိုကျင့်သုံးကြသည်။ ပထမဆုံးထောင်သောအိမ်တိုင်ကို မွန်းလွဲပိုင်းမတိုင်မီတွင်ထောင်ခြင်းသည် အကောင်းဆုံးသောအချိန်ဖြစ်ပြီး ၎င်းအိမ်ရှင်သည် သုံးဆုပ်ရှိသော ဝက်တစ်ကောင်ကိုသတ်ကာ ကျေးရွာသူ/သားများကို ဧည့်ခံကျွေးမွေးရသည်။ ထို့နောက် အိမ်ရှင်သည် အိမ်ဆောက်လုပ်သော ပုဂ္ဂိုလ်များအတွက် ထမင်းထောင်းနှင့် ဝက်သားနှစ်တုံးစီကိုလည်း ပြင်ဆင်ကျွေးမွေးရသေးသည်။ လှေကားအသစ်နှင့် မီးဖိုအသစ်များဆောက်လုပ်ရာတွင် အသက်ကြီးဆုံးသော ပုဂ္ဂိုလ်များဖြင့် ပြုလုပ်ရန်လိုအပ်ပြီး၊ အသက်ကြီးဆုံးသော အမျိုးသားသည် မီးဖိုကို ဆောက်လုပ်ကာ အမျိုးသမီးသည် မီးမွှေးခြင်းကို အစပျိုးပေးသည်။ ထိုသို့ လုပ်ဆောင်ပြီးလျှင် ကြက်တစ်ကောင်သတ်ကာ ထိုသို့လုပ်ဆောင်ပေးသော သူနှစ်ဦးကို ကြက်ပေါင်တစ်ခြမ်းစီ ခွဲဝေပေးသည်။

အိမ်ဆောက်ပြီးစီး၍ အိမ်သစ်တက်ပွဲကျင်းပသောအချိန်တွင် ကျေးရွာရှိအိမ်ထောင်စုတိုင်းသည် ကြက်တစ်ကောင်စီ (ယခုလက်ရှိတွင် ကြက်အစား ငွေသားဖြင့်လည်း ထည့်ဝင်) ယူဆောင်လာကြသည်။ အိမ်သစ်တက်မင်္ဂလာကို ညအချိန်တွင်သာ ကျင်းပကြသည်။ ထိုသို့ ကျင်းပရာတွင် ရိုးရာဗုံပုလွေတီးမှုတ်၍ အိမ်ကို (၃)ကြိမ်လှည့်ပတ်ပြီး အိမ်ပေါ်တက်၍ ဘုရားရှိခိုးခြင်း၊ အိမ်မင်္ဂလာပေးခြင်း၊ ဖားစည်တီးကာ စည်းချက်နှင့်အညီ ကခုန်ခြင်းများ ပြုလုပ်ကြသည်။ ဖားစည်တီးခတ်ရာတွင် အကောင်းဆုံးတီးခတ်နိုင်သူအား ကြက်ပေါင်တစ်ဖက်ပေးပြီး စည်းချက်နှင့်အညီ အကောင်းဆုံးကနိုင်သူအား ဝက်မြီးတစ်ချောင်းပေးသည်။ ပျော်ပွဲ၊ ရွှင်ပွဲအပြီးတွင် အိမ်ရှင်အိမ်ထောင်ဦးစီးမှ အိမ်သစ်တက်မင်္ဂလာတွင် လာရောက်သောသူများ၏ အိမ်ထောင်စုရှိ လူဦးရေအတိုင်း ကြက်သားဆန်ပြုတ်နှင့် ကြက်သားဟင်းများကို ပြန်လည်ခွဲဝေပေးသည်။







ပုံ(၂၆) ကျေးရွာတွင်းရှိ ဂီတပညာရှင်များ

## နေအိမ်မီးလောင်ခြင်းဆိုင်ရာရိုးရာဓလေ့

ယူဆိုမိုဆို ကျေးရွာအတွင်း၌ မတော်တဆကြောင့် အိမ်မီးလောင်ပါက ကျေးရွာရှိ ရွာသူ/သားများအားလုံး မီးကိုဝိုင်းဝန်းငြိမ်းသတ်ကူပြီး မည်သူမျှအလုပ်မလုပ်ရပါ။ အိမ်မီးလောင်သွားသော နေအိမ်အစအနများကို ကျေးရွာ အပြင်အရှေ့ဖက်ပိုင်းတွင် သွားရောက်စွန့်ပစ်ရပြီး၊ သွားရောက်စွန့်ပစ်ရာတွင် ပါဝင်သောပုဂ္ဂိုလ်များသည် တရော်ကင်မွန်းရည်ဖြင့် လက်များကို ပြန်လည်သန့်စင်ဆေးကြောရသည်။ အကယ်၍ တရော်ကင်မွန်းရည် မရရှိနိုင်ပါက ငွေဒင်္ဂါး၊ သံ၊ ကြက်ခြေထောက်များဖြင့်လည်း အစားထိုးဆေးကြောနိုင်သည်။ အိမ်မီးလောင်သော အိမ်ရှင်အတွက် ကျေးရွာလူထုများ ဝိုင်းဝန်း၍ ဝါးခုတ်ခြင်း၊ ထရံယက်ခြင်းများပြုလုပ်ပြီး နေအိမ်ကို ယာယီတဲအဖြစ် ပြန်လည် ဆောက်လုပ်ပေးကြသည်။

## မြေယာများ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများ

မြေပိုင်ရှင်သည် မိမိပိုင်ဆိုင်သော မြေယာများကို ကျေးရွာအတွင်းပုဂ္ဂိုလ်များသာမက နယ်နိမိတ်ဆက်စပ်နေသော အိမ်နီးချင်းကျေးရွာမှ အခြားသူထံ လွတ်လပ်စွာငှားရမ်းခွင့်နှင့် ရောင်းချနိုင်သော အခွင့်အရေးကို ကျင့်သုံးနိုင်သည်။ သို့သော် အခြားဒေသ၊ ရပ်ဝေးတွင် နေထိုင်သောလူပုဂ္ဂိုလ်ထံ ရောင်းချပိုင်ခွင့်မရှိပါ။

မြေယာများ ငှားရမ်းလုပ်ကိုင်ပါက အချို့မြေယာပိုင်ရှင်များမှာ မြေယာငှားရမ်းခမယူပဲ အခမဲ့ ငှားရမ်းသည်။ အများအားဖြင့် မြေငှားရမ်းမှုတွင် အခကြေးအဖြစ် သီးနှံများရိတ်သိမ်းချိန်တွင် ထွက်ရှိသောသီးနှံများ ပြန်လည်ဝေမျှကြသည်။ အချို့လည်း ငွေကြေးအဖြင့် ငှားရမ်းခကို ပေးဆောင်ကြသည်။ တောင်ယာခင်းနှင့် အခြား ယာခင်းများတွင် အခကြေးငွေဖြင့် ရိတ်သိမ်းပြီးသောသီးနှံမှ (၃)ပုံ(၁)ပုံကို ၎င်းမြေပိုင်ရှင်မှ သတ်မှတ်ထားသော နှုန်းထားအတိုင်း သဘောတူညီချက်ဖြင့် ငှားရမ်းလုပ်ကိုင်ကြသည်။

## စိုက်ပျိုးရေးနှင့်သက်ဆိုင်သော ရိုးရာဓလေ့

ယခင်က သီးနှံများကို စတင်စိုက်ပျိုးရန်အတွက် ကျေးရွာကို ဦးစွာလာရောက်တည်ထောင်ခဲ့သော စဲမျိုးနွယ်စုနှင့် ရှန်မျိုးနွယ်စုမှ သတ်မှတ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦးသာ ဦးစွာစိုက်ပျိုးရသည်။ ၎င်းမျိုးနွယ်စုများမှ ဦးစွာစိုက်ပျိုးခြင်းဖြင့် အပင်များကောင်း၍ အထွက်တိုးခြင်း၊ တိရိစ္ဆာန်လည်း အဖျက်နည်းခြင်း၊ ပိုးမွှားများအဖျက် နည်းခြင်းစသည့် အယူအဆများကြောင့် ဦးစွာစိုက်ပျိုးစေခြင်းဖြစ်သည်။ စဲမျိုးနွယ်စုမှ သီးနှံများကိုဦးစွာစိုက်ပျိုးရ ခြင်းအကြောင်းအရင်းကိုလည်း အခြားကျန်ရှိသော မျိုးနွယ်စုတိုင်းလည်း သိရှိကြပါသည်။ တစ်စုံတစ်ဦးမှ သီးနှံများ စတင်စိုက်ပျိုးသည့်အခါတွင်လည်း အခြားသူများအား စိုက်ပျိုးပြီးဖြစ်ကြောင်း အသိပေးရပါသည်။ ထိုသို့ အသိပေးရန်ပျက်ကွက်ပါက ဒဏ်ငွေပေးဆောင်စေခြင်းဖြင့် ဖြေရှင်းခြင်းမျိုးမရှိသော်လည်း ကောက်ပဲသီးနှံများ အထွက် နည်းသောအခြေအနေမျိုး ကြုံရသည်။ ရိတ်သိမ်းချိန် အခါများတွင်မူ မိမိတို့၏ သဘောဆန္ဒအတိုင်း ကောက်ပဲ သီးနှံများကို ရိတ်သိမ်းနိုင်ပါသည်။

## လယ်မြေနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ

လယ်ယာမြေအတွင်း တစ်စုံတစ်ဦး၏ ကျွဲ၊ နွား၊ တိရိစ္ဆာန်များသည် အခြားတောင်သူတစ်ဦး၏ စပါးခင်း များကို ဝင်ရောက်ဖျက်ဆီးစားသောက်ပါက လယ်ပိုင်ရှင်မှ ပျက်စီးသွားသောတန်းဖိုးပမာဏအတိုင်း ပြန်လည် တောင်းလျော်ပြီး သတ်မှတ်ထားသည့်လျော်ကြေးကို ကျွဲ၊ နွား၊ တိရိစ္ဆာန်ပိုင်ရှင်က ပြန်လည်ပေးလျော်ရသည်။ နွားများထိန်းကျောင်းချိန်ဖြစ်ပါက ထိန်းကျောင်းသူသာလျှင် ပြန်လည်ပေးလျော်ရသည်။ လယ်ခင်းကိုစတင်မလုပ် ဆောင်မီ ရေရရှိရန်အတွက် လယ်ရေတူးမြောင်းဖော်ထုတ်ရှင်းလင်းပါက လယ်ပိုင်ရှင်များအားလုံး အတူတကွ လုပ်ဆောင်ကြရသည်။ ထိုသို့ လုပ်ဆောင်ရန်ပျက်ကွက်ပါက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ဒဏ်ကြေးတစ်ရက် လုပ်အားခနှင့်ညီမျှသော ငွေပမာဏကို ပေးဆောင်ရသည်။

## တောင်ယာမြေဥပဒေစည်းမျဉ်းစည်းကမ်းများ

ယူဆမိုဆိုကျေးရွာတွင် မိမိတို့ပိုင်ဆိုင်သောတောင်ယာမြေကို ဘိုးဘွားပိုင်မြေနှင့် ကိုယ်ပိုင်ဝယ်ယူထား သောမြေဟူ၍ သတ်မှတ်ကြသည်။ ၎င်းတောင်ယာမြေနှစ်မျိုးနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ငှားရမ်းခြင်းသည် ကွားခြားမှုမရှိချေ။ ပိုင်ရှင်များမှမလုပ်ကိုင်နိုင်ပါက အခြားကျေးရွာလူထုအား လုပ်ကိုင်စားသောက်ခွင့်ပေးပြီး အခ ကြေးငွေဖြင့်သီးနှံ(၃)ပုံ(၁)ပုံကို ၎င်းငွေကြေးအနည်းငယ်ကို ၎င်းမြေယာငှားရမ်းခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်း စည်းကမ်းများအတိုင်း ဆောင်ရွက်ကြသည်။ အကယ်၍ ကျွဲ၊ နွား၊ တိရိစ္ဆာန်များမှ တောင်ယာထဲရှိ စိုက်ပျိုးထား သောကောက်ပဲသီးနှံပင်များကို ဝင်ရောက်ဖျက်ဆီးပါက မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်နှင့်အညီ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တိရိစ္ဆာန်ပိုင်ရှင်းအား ထိုက်သင့်သောဒဏ်ငွေကို ပေးဆောင်စေသည်။

## ကျေးရွာပိုင်သစ်တောနှင့် ကာကွယ်တောဆိုင်ရာ စည််မျဉ်းစည်းကမ်းများ

ကျေးရွာပိုင်သစ်တောနှင့် ကာကွယ်တောများအသုံးချခြင်းနှင့် အသုံးပြုခြင်းကို ကျေးရွာ သစ်တောကော် မတီမှ ရှင်းလင်းပြတ်သားသော စည်းကမ်းချက်များဖြင့် ထိန်းကွပ်ထားပါသည်။ လိုက်နာရမည့် စည်းကမ်းချက် များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်း ဆိုင်းဘုတ်များဖြင့် ရေးသားရိုက်နှိပ်ထားပါသည်။ တောမီးလောင်ခြင်းမှ အကာကွယ်ပြုနိုင်ရန် မီးတားလမ်းများ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကိုင်းချိုင်ရှင်းလင်းခြင်းကဲ့သို့သော စီမံခန့်ခွဲမှုများ တွင် ကျေးရွာလူထုအားလုံး ပါဝင်ဆောင်ရွက်ရန် လိုက်နာချက်တစ်ခုသည်လည်း ကျေးရွာလူထုတိုင်းတွင်ရှိသည်။ သစ်တောမြေဧရိယာအတွင်း စိုက်ပျိုးမြေချဲ့ထွင်ခြင်းနှင့် အခြားနည်းလမ်းများအသုံးချခြင်း၊ အသုံးပြုခြင်းကို လုံးဝ ခွင့်မပြုထားချေ။

## ကျေးရွာပိုင်သစ်တော

ကျေးရွာသူ/သားတစ်ဦးဦးမှ အိမ်ဆောက်လုပ်ရန်အတွက် သစ်၊ ဝါးများ လိုအပ်မှုရှိပါက ကျေးရွာသစ်တောကော်မတီများထံ ခွင့်ပြုချက်ရယူရပါမည်။ ကျေးရွာပိုင်သစ်တောအတွင်း အိမ်သုံးရန်အတွက် ထင်းကို လွတ်လပ်စွာ ထုတ်ယူသုံးစွဲခွင့်ရှိသည့်အပြင် အကိုင်းအခက်များသာ ဖြတ်ယူခြင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များရှာဖွေခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ သစ်နှင့် ထင်းများကို တစ်ဦးတစ်ယောက်ပိုင် ဝင်ငွေအဖြင့် ထုတ်ယူရောင်းချခြင်းကို တားမြစ်ထားသည်။ ကျေးရွာပိုင်သစ်တောအတွင်းမှ သစ်၊ ထင်းနှင့် ထုံးကျောက်များမှ ရရှိသောဝင်ငွေကို ကျေးရွာရံပုံငွေ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့များသို့ ပေးသွင်းရသည်။ အဆိုပါဝင်ငွေကို အသင်းတော်နှင့် သက်ဆိုင်သော လုပ်ငန်းများ၊ အရေးပေါ်ကိစ္စရပ်များ၊ စေတနာ့ဝန်ထမ်းဆရာ၊ ဆရာမများအတွက် ထောက်ပံ့ကြေးပေးခြင်း၊ ကျေးရွာပိုင်အဆောက်အဦးများဆောက်လုပ်ခြင်းနှင့် စာသင်ကျောင်းများအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းတို့တွင် အသုံးပြုကြပါသည်။

## ကာကွယ်တော

ကျေးရွာပိုင်ကာကွယ်တောသည် တင်းကြပ်စွာ ကာကွယ်ထားသောသစ်တောဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ ၎င်းသစ်တောအတွင်းတွင်ရှိသော အရင်းမြစ်များကို အသုံးချခြင်းနှင့် အသုံးပြုနိုင်သော အခွင့်အရေးကို ကျင့်သုံးပိုင်ခွင့်မရှိချေ။

## ထုံးကျောက်များထုတ်ယူခြင်း

ယူဆမိုဆိုကျေးရွာတွင် ထုံးကျောက်ထုတ်ခြင်းလုပ်ငန်းသည် ကျေးရွာတွင်းရှိ အဆောက်အဦးများဆောက်လုပ်ရန် လမ်း၊ တံတားများပြုပြင်ရန်နှင့် ဝင်ငွေရရှိရန် အဓိကလုပ်ငန်းတစ်ခုဖြစ်သည်။ ထုံးကျောက်များကို ကျေးရွာပိုင်သစ်တောများအတွင်းရှိ ထုံးကျောက်တောင်နှင့် ကျောက်ကမ်းပါးတို့တွင် အများဆုံးထုတ်ယူရရှိပြီး ယူဆမိုဆိုရှိ ကျေးရွာလူထုများကိုသာ ထုံးကျောက်ရယူခြင်း၊ ထုံးဖုတ်ခြင်းများ ပြုလုပ်ရန်အတွက် ခွင့်ပြုထားပါသည်။။

## ဝါးတောနှင့် စားကျက်မြေ

ယူဆမိုဆိုကျေးရွာပိုင် ဝါးတောမြေအတွင်းရှိ ဝါးများကို ကျေးရွာလူထုများ လိုအပ်ပါက ခုတ်ယူခွင့်ပြုသော်လည်း ရောင်းချပိုင်ခွင့်မရှိပါ။ ကျေးရွာအတွင်းရှိ ကျေးရွာမြေကွက်လပ်များ၊ စားကျက်မြေများတွင် မည်သူမဆို မိမိပိုင်ဆိုင်သော ကျွဲ၊ နွားများကို လွှတ်ကျောင်းနိုင်သည်။ ထို့အပြင် သီးနှံများရိတ်သိမ်းပြီးသော လယ်မြေ၊ တောင်ယာခင်းများတွင်လည်း တိရစ္ဆာန်များကိုလွှတ်ကျောင်း နိုင်ပါသည်။ ယူဆမိုဆိုကျေးရွာရှိ စားကျက်မြေသည် ကျေးရွာအတွင်းရှိ ကျွဲ၊ နွားများ အစာအတွက် လုံလောက်မှုမရှိသဖြင့် ကျွဲ၊ နွားများအား ကျေးရွာနယ်နိမိတ်ဆက်စပ်နေသော ကွိုင်ငံကျေးရွာနယ်မြေရှိ စားကျက်မြေတွင် ထိုကျေးရွာရှိလူထုများ၏ သဘောတူညီချက်ဖြင့် လွှတ်ကျောင်းကြသည်။

# (၄)
# ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ

ယူဆမိုဆိုကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွင် ပြည်နယ်အစိုးရ၏ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့စည်း နှင့်ရိုးရာဓလေ့အရဖွဲ့စည်းသည့် အုပ်ချုပ်ရေးအဖွဲ့ဟူ၍ နှစ်မျိုးရှိသည်။ အစိုးရဒေသန္တရ အုပ်ချုပ်ရေးဖွဲ့စည်းပုံတွင် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ဖြစ်ပြီး၊ ရိုးရာဓလေ့ထုံးတမ်းအရ အုပ်ချုပ်သည့်ဖွဲ့စည်းပုံတွင် ကျေးရွာအကြီးအကဲ၊ ရွာမိ၊ ရွာဖ၊ မျိုးနွယ်စုခေါင်းဆောင်များ၊ သစ်တောထိန်းသိမ်းရေးကော်မတီများ ပါဝင်သည်။

အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ကျေးရွာနှင့် ပြည်နယ်ကြားတွင် အရေးပါသော အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်ရပြီး ဒေသန္တရဖွံ့ဖြိုးရေးကို အဓိကဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။ ဒေသလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော လုပ်ငန်းများတွင်လည်း ၎င်းတို့တွင်တာဝန်ရှိသည်။ ထို့အပြင် ကျေးရွာအကြီးအကဲများ၊ သစ်တောကော်မတီများနှင့်ပူးပေါင်းကာ မြေယာနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ အခန်းကဏ္ဍတွင်လည်း ပါဝင်လုပ်ဆောင်နေကြသည်။

## အုပ်စုအုပ်ချုပ်ရေးမှူး

အုပ်စုအုပ်ချုပ်ရေးမှူးကို ဆောင်ဒူလာကျေးရွာအုပ်စုရှိ ကျေးရွာအသီးသီးမှလူထုများက ရွေးချယ်တင်မြှောက်ပြီး ရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ်ကျင်းပပြုလုပ်သည်။ အုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးကို ပုံမှန် အစီရင်ခံစာတင်သွင်းရသည်။ လက်ရှိအုပ်စုအုပ်ချုပ်ရေးမှူးမှာ ဦးဂျေရုမ်းဖြစ်ပြီး ဆောင်ဒူလာကျေးရွာအုပ်စုတွင်ရှိသော ကျေးရွာ (၁၁) ရွာကို အုပ်ချုပ်ရကာ အစိုးရ စီမံခန့်ခွဲရေးအပိုင်းတွင်လည်း ကိုယ်စားပြုပါဝင်ပေးရသည်။ လယ်ယာစိုက်ပျိုးမြေများကြီးကြပ်ခြင်း၊ တူးမြောင်းများထိန်းသိမ်းခြင်း၊ မြေယာအခွန်ကောက်ခံခြင်းများကိုလည်းစီစဉ်ဆောင်ရွက်ရသည်။

## ကျေးရွာအုပ်ချုပ်ရေးမှူး

ကျေးရွာအုပ်ချုပ်ရေးမှူးကို ကျေးရွာလူထုများက ရွေးချယ်တင်မြှောက်ပြီး ကျေးရွာ၏ လုပ်ငန်းဆောင်တာများကို အစိုးရဌာနများသို့ လစဉ်အစီရင်ခံစာများရေးသားပြုစုခြင်းကို တာဝန်ယူဆောင်ရွက်ရသည်။ ယခုလက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးမှာ ဦးမာစေးလိုဖြစ်ပြီး ၂၀၁၆ တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

## သစ်တောကော်မတီ

ကျေးရွာ၏ သစ်တောကော်မတီကို ၁၉၉၇ ခုနှစ်တွင်ဖွဲ့စည်းပြီး ၂၀၁၁တွင် အစိုးရမှ အသိမှတ်ပြုပေးခဲ့သည်။ ယခုလက်ရှိ သစ်တောကော်မတီဥက္ကဋ္ဌမှာ ဦးကိုလေးလမိုဖြစ်ပြီး အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းထားသည်။ သစ်တောနှင့် သက်ဆိုင်သောလုပ်ငန်းများ (ဥပမာ- နွေရာသီ မီးတားလမ်းများပြုလုပ်ခြင်း၊ သစ်တော ခြံကာခြင်းများ)၊ သစ်တောနှင့်သက်ဆိုင်သော သတိပေးဆိုင်းဘုတ်များပြုလုပ်ခြင်း၊ အမှတ်အသားများထားရှိခြင်း၊ သစ်တောရှိအပင်များ ကိုင်းချိုင်ပြီး ထင်းအဖြစ်ရောင်းချကာ ကျေးရွာရံပုံငွေရရှိရန် စီမံခန့်ခွဲခြင်း၊ သစ်တောစည်းကမ်းများဖောက်ဖျက်ခြင်းကိစ္စရပ်များကို အဓိက ကိုင်တွယ်ဖြေရှင်းခြင်းများကို ပြုလုပ်ဆောင်ရွက်သည်။

## ကျေးရွာအကြီးအကဲ

ကျေးရွာအကြီးအကဲများမှာ ကျေးရွာအတွင်းရှိ စီနီယာ(ဝါရင့်)ပုဂ္ဂိုလ်များဖြစ်ကြပြီး ၎င်းတို့မှာ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့်ပတ်သက်သော လုပ်ဆောင်ချက်အကြောင်းအရာများတွင် ဦးဆောင်သူများဖြစ်ကြသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ရွာအရေးကိစ္စများ ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံပေးခြင်းများတွင်လည်းတာဝန်ယူဆောင်ရွက်ကြသည်။ ရိုးရာဓလေ့ဆိုင်ရာ အလေ့အထများ၊ ပြဿနာများဖြေရှင်းရာတွင်လည်း အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ကြသည်။

## ပဋိပက္ခဖြေရှင်းခြင်း

ရိုးရာအရ ပြဿနာဖြေရှင်းခြင်းအလေ့အကျင့်သည် ကျေးရွာတွင် ယနေ့ထိတိုင် တည်ရှိသော ဖြေရှင်းနည်းတစ်ရပ်ဖြစ်သည်။ မည်သည့်ပြဿနာတွင်မဆို ကျေးရွာ၏လုပ်ထုံးလုပ်နည်းအတိုင်း အပြစ်ပေး၊ ဒဏ်ပေးခြင်းများရှိသည်။

ပြဿနာတိုင်းတွင် ဖြစ်ပွားသည့်အဆင့်များပေါ်မူတည်၍ ဖြေရှင်းကြသည်။ မိသားစုအတွင်း ဖြစ်ပွားသည့်ပြဿနာများတွင် ဆွေမျိုးများနှင့်ဖြစ်စေ၊ ကျေးရွာလူကြီးများထံ အကြံဉာဏ်တောင်းခံခြင်း ဖြင့်ဖြစ်စေ ဖြေရှင်းကြသည်။ ဖြေရှင်းသည့်ပြဿနာများ အဆင်ပြေမှုမရှိပါက ကျေးရွာအုပ်ချုပ်ရေးမှူးဖြင့် ကျေးရွာလူကြီးများ၏ အကြံဉာဏ်များရယူကာ ပြေလည်သည်အထိဖြေရှင်းကြသည်။

ပိုမိုကြီးမားသောပြဿနာများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအကြီးအကဲတို့မှ တရားမျှတစွာ အတူတကွဆုံးဖြတ် အရေးယူဖြေရှင်းကြသည်။

# (၅)
# ကျေးရွာလူထုများ၏ သုံးသပ်ချက်နှင့် အကြံပြုချက်

ယူဆမိုဆိုကျေးရွာရှိ ဒေသခံများသည် ဌာနေတိုင်းရင်းသားတို့၏ မြေယာနှင့် သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်သောအချက်အလက်များကို ကောင်းစွာသိရှိနားလည်သဘောပေါက်မှု အားနည်းခြင်း၊ အခြေခံအားဖြင့် လက်ရှိမိသားစုနှင့် ကျေးရွာလူထုတို့၏ မြေယာပိုင်ဆိုင်မှုအပေါ် တရားဝင်အသိအမှတ်ပြုမှု ကင်းမဲ့ခြင်းသည် ကြီးမားသော အားနည်းပြဿနာတစ်ရပ်ပင်ဖြစ်သည်။ ယခုလက်ရှိတွင် အချို့အိမ်ထောင်များမှာ မြေယာလုပ်ပိုင်ခွင့် (ပုံစံ ၇) သာရှိသည်။ အခြားသော မြေယာပိုင်ဆိုင်ခွင့် (တစ်ဦးတစ်ယောက်ပိုင်ဆိုင်ခွင့်၊ အစုအဖွဲ့ပိုင်ဆိုင်ခွင့်) စသော လက်မှတ်များ၊ စာရွက်စာတမ်းများ မရှိပေ။ ထို့ကြောင့် ဒေသခံများအနေဖြင့် ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းခဲ့သော မြေယာများနှင့် သစ်တောများအပေါ် ပိုင်ဆိုင်ခွင့်ကိုတောင်းဆိုရန် အခက်အခဲများ ရှိနေသည်။

ဒေသခံများအတွက် အခြားသောစိန်ခေါ်မှုတစ်ခုမှာ မြေယာပိုင်ဆိုင်အသုံးပြုမှု မမျှတခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အနည်းငယ်သောအိမ်ထောင်စုများမှ မြေယာများကို အမွေအဖြစ်ရရှိကြပြီး ထိုမြေများကို ပြန်လည်ရောင်းချကြသည်။ မြေယာများကို မဝယ်ယူနိုင်သော အိမ်ထောင်စုများမှာမူ မြေယာမဲ့များအဖြစ် ဆက်လက်တည်ရှိနေသေးသည်။

မြေယာနှင့်သက်ဆိုင်သော သင်တန်းများ၊ အမြင်ဖွင့်ခြင်းများမရှိခြင်းမှာလည်း ဒေသခံများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေသည်။ အချို့သောဒေသခံများတွင် မြေယာနှင့်ပတ်သက်သော ပြဿနာများရှိနေဆဲဖြစ်သည်။

**အကြံပြုထောက်ခံချက်နှင့် ရှေ့လုပ်ငန်းစဉ်များ**

ယူဆမိုဆိုဒေသခံများသည် မိမိတို့ကျေးရွာ၏ အားနည်းချက်နှင့် စိန်ခေါ်မှုတို့အပေါ်တွင် အောက်ပါအတိုင်း အကြံပြုကာ လုပ်ငန်းစဉ်များချမှတ်ခဲ့ကြသည်။

၁။ မြေယာအခွင့်အရေးနှင့်သက်ဆိုင်သော ဆွေးနွေးပွဲများ၊ အမြင်ဖွင့်ခြင်းများ ပိုမိုဆောင်ရွက်ရန်၊
၂။ ကရင်ဏီ-လွိုင်ကော်မှ ကျေးရွာရှိ ဌာနေတိုင်းရင်းသားတို့၏ မြေယာပိုင်ဆိုင်ခွင့်များ ပိုမိုရရှိနိုင်ရန် အစိုးရဌာနများနှင့် ချိတ်ဆက်ကာ စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ရာတွင် ဆက်လက်ပါဝင်ကူညီရန်၊

**ကျေးရွာလူထုမှ ကျစ်လစ်ခိုင်ခန့်သောလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ချမှတ်ခဲ့ကြသည်။**

၁။ သားစဉ်မြေးဆက်လူငယ်များကို ကျေးရွာသမိုင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည်။

၂။ ကျေးရွာ၏ မြေယာအသုံးပြုမှုမြေပုံနှင့် ကျေးရွာသုတေသနစာတမ်းတွင်ပါရှိသော အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို အခြားဌာနေတိုင်းရင်းသားများ၊ ကျေးရွာများသို့ ဝေမျှပေးသွားပါမည်။


၃။ ကျေးရွာရှိ ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာအခွင့်အရေးများကို အခြားသူများလည်း ပိုမိုသိရှိလာစေရန် စည်းရုံးလှုံ့ဆော်မှုများ ဆက်လက်လုပ်ဆောင်သွားမည်။

ယူဆမိုဆိုကျေးရွာရှိဒေသခံများသည် မိမိတို့၏ ဌာနေတိုင်းရင်းသားများ မြေယာ၊ သဘာဝအရင်းအမြစ်များနှင့်သက်ဆိုင်သော အခွင့်အရေးများရရှိနိုင်ရန်အတွက် ရည်မှန်းချက်ကြီးစွာဖြင့် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြသည့် အားလျော်စွာ ကရုဏာ-လွိုင်ကော်မှလည်း ၄င်းတို့ကို ဆက်လက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။

# နောင်ဆက်တွဲ

## ပထဝီဝင်နှင့်သက်ဆိုင်သော ကျေးရွာနယ်နမိတ်သတင်းအချက်အလက်

ကျေးရွာနယ်နိမိတ်ပြမြေပုံ



## ကျေးရွာနယ်နိမိတ် အမှတ်များ

| Point no. | Coordinates | Elevation a.s.l. |
|---|---|---|
| 1 | N19 31.605 E97 05.066 | 3078 ft |
| 2 | N19 31.593 E97 05.088 | 3076 ft |
| 3 | N19 31.569 E97 05.112 | 3077 ft |
| 4 | N19 31.557 E97 05.090 | 3076 ft |
| 5 | N19 31.543 E97 05.065 | 3077 ft |
| 6 | N19 31.511 E97 05.083 | 3073 ft |
| 7 | N19 31.482 E97 05.093 | 3069 ft |
| 8 | N19 31.450 E97 05.101 | 3068 ft |
| 9 | N19 31.426 E97 05.106 | 3069 ft |
| 10 | N19 31.414 E97 05.124 | 3067 ft |
| 11 | N19 31.379 E97 05.153 | 3068 ft |
| 12 | N19 31.357 E97 05.176 | 3067 ft |
| 13 | N19 31.343 E97 05.171 | 3063 ft |
| 14 | N19 31.328 E97 05.176 | 3064 ft |
| 15 | N19 31.308 E97 05.192 | 3064 ft |
| 16 | N19 31.274 E97 05.210 | 3066 ft |
| 17 | N19 31.246 E97 05.231 | 3065 ft |
| 18 | N19 31.230 E97 05.202 | 3063 ft |
| 19 | N19 31.196 E97 05.230 | 3063 ft |
| 20 | N19 31.166 E97 05.252 | 3062 ft |
| 21 | N19 31.142 E97 05.271 | 3061 ft |
| 22 | N19 31.113 E97 05.290 | 3061 ft |
| 23 | N19 31.103 E97 05.277 | 3059 ft |
| 24 | N19 31.070 E97 05.247 | 3064 ft |
| 25 | N19 31.029 E97 05.212 | 3066 ft |
| 26 | N19 31.006 E97 05.191 | 3063 ft |
| 27 | N19 30.962 E97 05.155 | 3069 ft |
| 28 | N19 30.946 E97 05.179 | 3079 ft |
| 29 | N19 30.921 E97 05.210 | 3076 ft |
| 30 | N19 30.890 E97 05.249 | 3071 ft |
| 31 | N19 30.886 E97 05.256 | 3069 ft |
| 32 | N19 30.875 E97 05.245 | 3072 ft |
| 33 | N19 30.855 E97 05.271 | 3068 ft |
| 34 | N19 30.829 E97 05.305 | 3067 ft |
| 35 | N19 30.826 E97 05.309 | 3068 ft |
| 36 | N19 30.820 E97 05.303 | 3065 ft |
| 37 | N19 30.795 E97 05.283 | 3066 ft |
| 38 | N19 30.763 E97 05.254 | 3036 ft |
| 39 | N19 30.934 E97 06.100 | 3040 ft |

| Point no. | Coordinates | Elevation a.s.l. |
|---|---|---|
| 40 | N19 30.924 E97 06.150 | 3029 ft |
| 41 | N19 30.962 E97 06.138 | 3040 ft |
| 42 | N19 30.977 E97 06.128 | 3074 ft |
| 43 | N19 31.009 E97 06.095 | 3146 ft |
| 44 | N19 31.019 E97 06.079 | 3164 ft |
| 45 | N19 31.022 E97 06.037 | 3165 ft |
| 46 | N19 31.061 E97 06.032 | 3136 ft |
| 47 | N19 31.084 E97 06.030 | 3093 ft |
| 48 | N19 31.123 E97 05.998 | 3070 ft |
| 49 | N19 31.144 E97 05.990 | 3072 ft |
| 50 | N19 31.173 E97 05.964 | 3077 ft |
| 51 | N19 31.199 E97 05.948 | 3086 ft |
| 52 | N19 31.207 E97 05.917 | 3100 ft |
| 53 | N19 31.256 E97 05.891 | 3135 ft |
| 54 | N19 31.297 E97 05.875 | 3156 ft |
| 55 | N19 31.330 E97 05.861 | 3169 ft |
| 56 | N19 31.379 E97 05.835 | 3154 ft |
| 57 | N19 31.409 E97 05.820 | 3141 ft |
| 58 | N19 31.449 E97 05.795 | 3173 ft |
| 59 | N19 31.470 E97 05.779 | 3212 ft |
| 60 | N19 31.494 E97 05.766 | 3243 ft |
| 61 | N19 31.527 E97 05.749 | 3321 ft |
| 62 | N19 31.541 E97 05.745 | 3312 ft |
| 63 | N19 31.566 E97 05.748 | 3335 ft |
| 64 | N19 31.591 E97 05.731 | 3376 ft |
| 65 | N19 31.617 E97 05.725 | 3419 ft |
| 66 | N19 30.437 E97 05.182 | 3056 ft |
| 67 | N19 30.418 E97 05.184 | 3064 ft |
| 68 | N19 30.395 E97 05.189 | 3069 ft |
| 69 | N19 30.395 E97 05.213 | 3076 ft |
| 70 | N19 30.410 E97 05.247 | 3073 ft |
| 71 | N19 30.421 E97 05.274 | 3080 ft |
| 72 | N19 30.444 E97 05.344 | 3063 ft |
| 73 | N19 30.431 E97 05.429 | 3063 ft |
| 74 | N19 30.495 E97 05.440 | 3059 ft |
| 75 | N19 30.494 E97 05.441 | 3072 ft |
| 76 | N19 30.506 E97 05.459 | 3071 ft |
| 77 | N19 30.515 E97 05.476 | 3065 ft |
| 78 | N19 30.524 E97 05.484 | 3054 ft |
| 79 | N19 30.511 E97 05.507 | 3055 ft |
| 80 | N19 30.509 E97 05.527 | 3051 ft |

| Point no. | Coordinates | Elevation a.s.l. |
|---|---|---|
| 81 | N19 30.497 E97 05.557 | 3052 ft |
| 82 | N19 30.510 E97 05.593 | 3053 ft |
| 83 | N19 30.508 E97 05.631 | 3046 ft |
| 84 | N19 30.472 E97 05.643 | 3051 ft |
| 85 | N19 30.446 E97 05.659 | 3051 ft |
| 86 | N19 30.454 E97 05.682 | 3052 ft |
| 87 | N19 30.466 E97 05.714 | 3048 ft |
| 88 | N19 30.506 E97 05.698 | 3045 ft |
| 89 | N19 30.546 E97 05.683 | 3047 ft |
| 90 | N19 30.586 E97 05.681 | 3035 ft |
| 91 | N19 30.596 E97 05.717 | 3034 ft |
| 92 | N19 30.582 E97 05.754 | 3036 ft |
| 93 | N19 30.591 E97 05.789 | 3040 ft |
| 94 | N19 30.612 E97 05.814 | 3039 ft |
| 95 | N19 30.646 E97 05.834 | 3041 ft |
| 96 | N19 30.632 E97 05.865 | 3037 ft |
| 97 | N19 30.607 E97 05.892 | 3031 ft |
| 98 | N19 30.581 E97 05.919 | 3029 ft |
| 99 | N19 30.558 E97 05.945 | 3028 ft |
| 100 | N19 30.544 E97 05.975 | 3030 ft |
| 101 | N19 30.587 E97 06.009 | 3026 ft |
| 102 | N19 30.650 E97 05.961 | 3032 ft |
| 103 | N19 30.695 E97 06.001 | 3032 ft |
| 104 | N19 30.709 E97 05.994 | 3034 ft |
| 105 | N19 30.705 E97 05.970 | 3040 ft |
| 106 | N19 30.716 E97 05.956 | 3060 ft |
| 107 | N19 30.740 E97 05.950 | 3142 ft |
| 108 | N19 30.767 E97 05.942 | 3185 ft |
| 109 | N19 30.785 E97 05.941 | 3214 ft |
| 110 | N19 30.806 E97 05.952 | 3229 ft |
| 111 | N19 30.822 E97 05.966 | 3223 ft |
| 112 | N19 30.840 E97 05.995 | 3157 ft |
| 113 | N19 30.850 E97 06.024 | 3096 ft |
| 114 | N19 30.858 E97 06.036 | 3071 ft |
| 115 | N19 30.905 E97 06.032 | 3045 ft |
| 116 | N19 30.915 E97 06.052 | 3038 ft |
| 117 | N19 30.933 E97 06.071 | 3039 ft |
| 118 | N19 30.934 E97 06.100 | 3040 ft |
| 119 | N19 30.924 E97 06.150 | 3029 ft |
| 120 | N19 30.962 E97 06.138 | 3040 ft |
| 121 | N19 30.977 E97 06.128 | 3074 ft |

| Point no. | Coordinates | Elevation a.s.l. |
|---|---|---|
| 122 | N19 31.009 E97 06.095 | 3146 ft |
| 123 | N19 31.019 E97 06.079 | 3164 ft |
| 124 | N19 31.022 E97 06.037 | 3165 ft |
| 125 | N19 31.061 E97 06.032 | 3136 ft |
| 126 | N19 31.084 E97 06.030 | 3093 ft |
| 127 | N19 31.123 E97 05.998 | 3070 ft |
| 128 | N19 31.144 E97 05.990 | 3072 ft |
| 129 | N19 31.173 E97 05.964 | 3077 ft |
| 130 | N19 31.199 E97 05.948 | 3086 ft |
| 131 | N19 31.207 E97 05.917 | 3100 ft |
| 132 | N19 31.256 E97 05.891 | 3135 ft |
| 133 | N19 31.297 E97 05.875 | 3156 ft |
| 134 | N19 31.330 E97 05.861 | 3169 ft |
| 135 | N19 31.379 E97 05.835 | 3154 ft |
| 136 | N19 31.409 E97 05.820 | 3141 ft |
| 137 | N19 31.449 E97 05.795 | 3173 ft |
| 138 | N19 31.470 E97 05.779 | 3212 ft |
| 139 | N19 31.494 E97 05.766 | 3243 ft |
| 140 | N19 31.527 E97 05.749 | 3321 ft |
| 141 | N19 31.541 E97 05.745 | 3312 ft |
| 142 | N19 31.566 E97 05.748 | 3335 ft |
| 143 | N19 31.591 E97 05.731 | 3376 ft |
| 144 | N19 31.617 E97 05.725 | 3419 ft |
| 145 | N19 31.635 E97 05.722 | 3450 ft |
| 146 | N19 31.653 E97 05.724 | 3441 ft |
| 147 | N19 31.670 E97 05.722 | 3409 ft |
| 148 | N19 31.694 E97 05.718 | 3392 ft |
| 149 | N19 31.727 E97 05.703 | 3383 ft |
| 150 | N19 31.751 E97 05.699 | 3343 ft |
| 151 | N19 31.808 E97 05.688 | 3287 ft |
| 152 | N19 31.789 E97 05.624 | 3305 ft |
| 153 | N19 31.770 E97 05.560 | 3270 ft |
| 154 | N19 31.736 E97 05.458 | 3228 ft |
| 155 | N19 31.711 E97 05.384 | 3193 ft |
| 156 | N19 31.691 E97 05.327 | 3170 ft |
| 157 | N19 31.671 E97 05.270 | 3146 ft |
| 158 | N19 31.653 E97 05.219 | 3128 ft |
| 159 | N19 31.639 E97 05.173 | 3113 ft |
| 160 | N19 31.619 E97 05.112 | 3105 ft |
| 161 | N19 31.605 E97 05.069 | 3113 ft |